မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၂၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာနိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံသမ္မတ မစ္စတာမဟင်ဒါရာဂျာ ပက်ခ်ဆာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာ သီရိဝစ်ခရမ်မာနာရာကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ကလေးမြို့နယ် မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မဏိပူရရေလှောင်တမံလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

စီမံကိန်းပြီးစီးပါက ဆည်ရေသောက်ဧက ၅၀၀၀၀ ကို ရေပေးဝေနိုင်မည့်အပြင် နှစ်စဉ်ရေအားလျှပ်စစ် ၁၉၀၃ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်ပေးနိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်း မုံရွာမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် မုံရွာတပ်နယ် ဖေယျသီရိခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို အကျယ်တဝင့်မှာကြားပြီး တပ်နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

4-2 (01) 1 2/4/08, 1:37 AM

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်)

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စပါးနှင့် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်သည် အမျိုးသားစီးပွားရေးဘဝ တိုးပွားစည်ပင်ရေးအတွက် စိုက်ပျိုးရေးကို မဏ္ဍိုင်ပြုပြီး ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ စိုက်ဧကတိုးချဲ့ရေး၊ သီးထပ်သီးညှပ်စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာရရှိရေးနှင့် နည်းပညာများ တိုးတက်ရရှိရေးတို့ကို နိုင်ငံတော်က ပံ့ပိုးကူညီပေးလျက် ရှိသည်။

စိုက်ပျိုးရေ အလုံအလောက်မရရှိသည့် ဒေသများတွင် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် စပါးအပါအဝင် သီးထပ်သီးညှပ် စိုက်ပျိုးလာနိုင်ပြီး စိုက်ဧကများ တိုးပွားလာခဲ့သည်။ ပြည်နယ်နှင့်တိုင်းများတွင် ဆည်မြောင်း၊ တာတမံများကို တည်ဆောက်ပေးခဲ့သဖြင့် ယခုအခါ ဆည်တာတမံပေါင်း၂၀၇ခု ဖြစ်ထွန်းရှိလာခဲ့ပြီ ဖြစ်သည်။

တနင်္သာရီတိုင်းတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုနှစ် စိုက်ပျိုးရာသီ၌ မိုးစပါး၊ နွေစပါး စိုက်ဧကလေးသိန်းကျော် စိုက်ပျိုးခဲ့၍ ပျမ်းမျှအထွက်နှုန်း ၆၆ဒသမ၈၀တင်း ထွက်ရှိခဲ့သည်။ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် မိုးစပါးဧက ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ဆီဖူလုံပိုလျှံမှုရှိရေး စီမံဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းအတွင်း ဆီထွက်သီးနှံဧကငါးသိန်း စိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်လျက် ရှိသည်။ ထို့အပြင် ရော်ဘာ၊ ခြစ်စည်းရိုးကြက်ဆူပင်တို့ကိုလည်း စီမံကိန်းလျာထားချက်နှင့်အညီ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ယခုကဲ့သို့ တနင်္သာရီတိုင်းအပါအဝင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အားပေးပံ့ပိုးလျက်ရှိရာ ဒေသဝမ်းစာဖူလုံရေး၊ စပါးနှင့် အခြားသီးနှံများ လျာထားချက်ပြည့်မီကျော်လွန်ရေး နှစ်အလိုက် တိုးချဲ့စိုက်ပျိုးသွားခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထက(၃)ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

အထက(၃)ကြည့်မြင်တိုင် (ယခင်ဗုဒ္ဓကျိုးကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို **ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) နံနက်၉နာရီတွင် ကျောင်းဝင်းအတွင်း စကားဖြူခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ယမန်နှစ်က ဖိတ်ကြားခြင်း ခံရသော** ဆရာကြီး ဆရာမကြီးများအနေဖြင့် ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူ ဟောင်းများအနေဖြင့် အလှူငွေများကို ဦးမြင့်သန်း ဖုန်း-၀၉-၅၁-၀၁၀၉၂၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၁-၃၂၀၃၆၊ ဦးတင်ဝင်း ဖုန်း-၀၉-၅၀-၅၀၂၈၀၊ ဦးချာလီမောင် ဖုန်း-၀၉-၅၀-၁၅၃၁၃နှင့် ဦးခင်မောင်လှ ဖုန်း-၀၉-၈၀-၂၃၅၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၄-၂-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၂၀	၈။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ**(အပိုင်း-၁၆)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစုံစမ်း
	၂၀။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း-၃၀)

အမှတ် ၂၉၀(က) ၇လမ်း ၁၁ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဗိုလ်ကြီးအောင်ထွန်း(ငြိမ်း)-ဒေါ်စန်းစန်းတို့က ဗိုလ်ကြီးအောင်ထွန်း(ငြိမ်း) အသက်(၈၀)ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးဝင်းလွင် လက်ခံယူစဉ်။ (က-ပ)

ဖခင်ကြီး ဦးစိန်ခွန် - မိခင်ကြီး ဒေါ်ခင်ကြည်တို့အား ရည်စူး၍ ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ၂၄ရပ်ကွက် ဘော်စင်လမ်း တိုက် ၉ အခန်း၂ နေ သမီး ဒေါ်သစ်သစ်၊ ဒေါ်ဆွေဆွေ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ဆရာတော်ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဇန်နဝါရီ ၂၉ရက်က အလက (၂)ဒဂုံ ကျောင်းကျန်းမာရေး အသင်းနှင့် ဒဂုံမြို့နယ် ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ကျောင်းကြက်ခြေနီ ရှေးဦးသူနာပြုစုခြင်း (အခြေခံ) (၂/၂၀၀၇-၂၀၀၈) သင်တန်းဆင်းပွဲတွင် သင်တန်းဆင်းအောင်လက်မှတ်များအား ဒဂုံမြို့နယ် ဆရာဝန်ကြီးကိုယ်စား ဒေါက်တာ ခိုင်ခိုင်ရီက ကျောင်းတပ်ခွဲမှူး ဒေါ်စန္ဒာအောင်သို့ ပေးအပ်စဉ်။ (က-ပ)

သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း ဝိပဿနာ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း၌ (၂၉)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ဟောကြားပြသ

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီးဦးကြည်၏ ဥပနိဿယ အတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ အရှင်သာသန (သာသနဓဇ ဓမ္မာစရိယ)က ဓမ္မာနုပဿနာသတိပဋ္ဌာန် ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဗဟန်းကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး အခြေခံစည်းရုံးရေး သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ်(၂၉) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁ ရက် ညနေ ၅ နာရီက အထက(၃)ဗဟန်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရန်ကုန်တိုင်း အလုပ်အမှုဆောင် ဦးတင်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရမောင်ညိမ်းနိုင်နိုင်၊ ဒုတိယဆုရ မခင်မာသွယ်နှင့် တတိယဆုရ မောင်ထက်နိုင်တို့အား ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင် ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရိုဟီသာ ဘိုဂိုလာဂါမာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မပွဲစကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

● *ရှေ့ဖုံးမှ*

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး ရေလွှဲဥမင် အမှတ်(၁)နှင့် (၂)အဝင်ပိုင်းတို့၌ ကျောက်ရောမြေဖယ်ရှားခြင်းလုပ်ငန်း၊ ကျောက်သား ဖောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင် အမှတ်(၁)နှင့်(၂)အထွက်ပိုင်းတို့၌ Steel Rib ထောင်ခြင်းလုပ်ငန်းနှင့် ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းသည် စစ်ကိုင်းတိုင်း ကလေးမြို့နယ် ကလေး-ဂန့်ဂေါ ကားလမ်းပေါ်ရှိ ဆည်တောရွာအနီးရှိ မဏိပူရမြစ်ပေါ်တွင် တမံ အလျား၂၄၄၄ပေ၊ တမံအမြင့် ၅၂၇ပေရှိသည့် ကျောက်ဖြည့်မြေသားတမံ အမျိုးအစားဖြင့် တည်ဆောက်လျက်ရှိရာ ပြီးစီးပါက ဆည်ရေသောက်ဧက၅၀၀၀၀ကို ရေပေးဝေနိုင်မည့်အပြင် နှစ်စဉ်ရေအားလျှပ်စစ် ၁၉၀၃ကီလိုဝပ် နာရီသန်းပေါင်း ထုတ်ပေးနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် စစ်ကိုင်းတိုင်း ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာ အနီးရှိ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် ရာဇဂြိုဟ် ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၄)မှ ညွှန်ကြားရေးမှူး ဦးဗစ်တာက ပင်မတမံလုပ်ငန်း တည်ဆောက်အကောင်အထည်ဖော်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပင်မတမံ တည်ဆောက်နေမှုနှင့် နေရဦရာချောင်းကိုဖြတ်၍ ရေပိုလွှဲတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် နေရဦရာချောင်းပေါ်၌ အလျား ၄၇၄၅ ပေ၊ တမံ အမြင့် ၁၆၅ ပေရှိသည့် မြေသားတမံ ပိတ်ကာကုန်ကြောတမံသုံးခု ပါရှိမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက ဧက၆၅၀၀ ကို ဆည်ရေ ပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ် ၂၁ကီလိုဝပ် နာရီသန်းပေါင်းကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဒေသဖွံ့ဖြိုးရေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ယနေ့နံနက်ပိုင်းတွင် ကလေးမြို့ တပ်နယ်ခန်းမ၌ ကလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝေဠုဝန်နိကာယ ဂဏာဓိပတိ တင်မြှောက်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်း မြန်အောင်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏိန္ဒအား ဝေဠုဝန်နိကာယဂိုဏ်း ဧကာဒသမမြောက် ဝေဠုဝန်နိကာယ ဂဏာဓိပတိ (ဝေဠုဝန်သာသနာပိုင်) အဖြစ် တင်မြှောက်ပူဇော်ပွဲကို ၁၃၆၉ခုနှစ် တပို့တွဲလဆန်း ၆ ရက် (ဖေဖော်ဝါရီ၁၂ ရက်) မွန်းလွဲ၁ နာရီတွင် အဆိုပါစာသင်တိုက်ရှိ သာသနာ့ဗိမာန်ဓမ္မာရုံကြီး၌ ကျင်းပ တင်မြှောက်ပူဇော်မည်ဖြစ်ရာ ဂိုဏ်းဝင်သံဃာတော်များနှင့် တပည့်ဒါယကာဒါယိကာမအပေါင်း လာရောက်ကြည်ညိုပူဇော် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကြိုဆို ဖျာပုံ၌ ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဖျာပုံမြို့ အမှတ်(၅)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၆ရက်က အဆိုပါလမ်းသစ်ထိပ်၏ မုခ်ဦး၌ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ကတ္တရာလမ်းသစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ထို့နောက် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းနှင့် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်တို့က လမ်းသစ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က လမ်းသစ်ဖွင့်ပွဲမုခ်ဦးကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကာ ကတ္တရာလမ်းသစ်ကို ကြည့်ရှုကြသည်။ **(အပေါ်ပုံ)** အဆိုပါကတ္တရာလမ်းသစ်သည် အရှည် ပေ၂၆၅၀နှင့် အကျယ်၁၂ပေရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဂျင်ဖဲလား၏ Grand Prize ပိုင်ရှင်ရွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ဂျင်ဖဲလား၏ Grand Prize ကျပ်သိန်း၂၀တန် Constellation အိုမီဂါနာရီပိုင်ရှင်ရွေးချယ်ပွဲကို ဇန်နဝါရီ ၂၈ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ Sedona Hotel (Ball Room) ၌ ကျင်းပသည်။

ရွေးချယ်

Grand Prize ဆု အတွက် အလင်းတန်းဂျာနယ်မှ အယ်ဒီတာချုပ် ဦးဝင်းငြိမ်းက ရွေးချယ်ရာ မန္တလေးမြို့ ပျားအုံဆေးတိုက်မှ ဒေါ်ခင်သန်းမြင့်က ရရှိသည်။

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များ ဆက်လက်ကျင်းပပြီး အရောင်းကိုယ်စားလှယ် ကံထူးရှင်ဆုများကို ပေါ်ပြူလာဂျာနယ်မှ အယ်ဒီတာချုပ် ဦးဟိန်းလတ်၊ Wellness မဂ္ဂဇင်းတိုက်မှ အယ်ဒီယာ မနန်းဝှမ်ခမ်းနှင့် Violet ဂျာနယ်မှ အယ်ဒီတာချုပ် ဒေါ်တူးတူးမြင့်သိန်းတို့က ရွေးချယ်ပေးကြသည်။

ဆွတ်ခူး

အရောင်းကိုယ်စားလှယ် ပထမဆု (21" Flat TV) ကို မတင်တင်ဝင်း (ဝင်းသီရိ) မင်္ဂလာဈေးက လည်းကောင်း၊ ဒုတိယဆု (DVD Player) နှစ်ဆုကို ကိုအောင်နိုင်လွင် (ဦးအောင်လွင်စတိုး) တောင်ငူမြို့နှင့် မအိခိုင်စိုး (ခိုင်နိုင်စတိုး) မင်္ဂလာဒုံ၊ တတိယဆု (MP3 Player) သုံးဆုကို မကြည်ကြည်စိန် (ပန်းရိုးမစတိုး) ဟသ်ာတမြို့၊ မမြတ်မွန် (မေတ္တာမွန်စတိုး) မန္တလေးမြို့နှင့် မသန်းသန်းအေး (မိန်လိစတိုး) မန္တလေးမြို့တို့က အသီးသီး ဆွတ်ခူးရရှိကြသည်။ ယင်းနောက် Fashion Show အစီအစဉ်များကို ဆက်လက်တင်ဆက်ပြီး တက်ရောက်လာကြသော ဧည့်ပရိသတ်များအား ကံစမ်းမဲများ ဖွင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျင်ဖဲလား၏ Grand Prize ရွေးချယ်ပွဲကို Sedona Hotel (Ball Room) ၌ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၄-၂-၂၀၀၈ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅	၇။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar made Easy

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
၁၆:၄၅	၄။	အကပဒေသာ
၁၆:၅၅	၅။	မြန်မာစာ မြန်မာစကား
၁၇:၁၀	၆။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၂၅	၇။	**ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မယ်** ကျော်ဇေယျ၊ မေသန်းနု၊ ပန်းဖြူ ဒါရိုက်တာ-မောင်မောင်ဦး (စနိုးပိုက်)
၁၇:၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ
၁၇:၄၅	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇:၅၀	၁၀။	(၆၁)နှစ်မြောက် ပြည်ထောင်စု နေ့ ဂုဏ်ပြုအစီအစဉ်
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၂၀)
၁၉:၄၅	၁၅။	ပြည်ထောင်စုစိတ်ဓာတ် မပြတ် ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စေတန်** (အပိုင်း-၂၂)

(ဇာတ်သိမ်းပိုင်း)

သံတွဲခရိုင်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၃

သံတွဲခရိုင်အသင်း (ဂွ-တောင်ကုတ်-သံတွဲ)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၀၆ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရပုဂ္ဂိုလ်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ၂၄ရက် (တနင်္ဂနွေနေ့)မွန်းတည့်၁၂နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသား၊ ခရိုင်သူ ခရိုင်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသင်းဝင်မိသားစုက အသက် ၇၆နှစ်နှင့်အထက် ဘိုးဘွားများစာရင်းကို မှတ်ပုံတင်မိတ္တူပူးတွဲ၍လည်းကောင်း၊ ၂၀၀၆-၂၀၀၇ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင်သားသမီးများစာရင်းကို အမှတ်စာရင်းမိတ္တူနှင့် ကျောင်းထောက်ခံချက်ပူးတွဲ၍လည်းကောင်း နာယက ဗိုလ်မှူးကျော်ဝင်း(ငြိမ်း) ဖုန်း-၂၉၁၂၀၀၊ ဥက္ကဋ္ဌ ဦးကျော်ရင် ဖုန်း-၃၇၆၈၄၈၊ ၀၉-၅၁-၂၆၄၈၉၊ ဒုတိယဥက္ကဋ္ဌ ဦးမြမောင် ဖုန်း-၆၄၃၆၂၀၊ ၀၉-၅၁-၂၁၅၂၁၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ကြည်မြင့် ဖုန်း-၆၉၉၉၈၇၊ ၀၉-၅၁-၃၆၄၀၁၊ အတွင်းရေးမှူး(၃) ဦးမောင်မောင်သိန်းဖေ ဖုန်း-၀၉-၅၁-၁၂၃၀၇၊ အသင်းရုံးခန်း ဖုန်း-၃၈၂၀၈၇နှင့် နီးစပ်ရာ အမှုဆောင်တို့ထံ ဖေဖော်ဝါရီ ၁၆ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ ကျိကျင်းပြည်နယ် ဟန်ကျိုးမြို့တွင် ဆီးနှင်းထူထပ်သိပ်သည်းစွာ ကျဆင်းမှုကြောင့် ကားပေါ်တွင်တင်နေသော နှင်းခဲများဖြင့် အမျိုးသမီးနှင်းရုပ်တု ပြုလုပ်ထားသည်ကို ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အမေရိကန်၌ တည်ဆောက်ရေးလုပ်ငန်းများအတွက် ငွေသုံးစွဲမှု ၂၀၀၇ ခုနှစ်၌ အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍများကျဆင်းခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၃

၂၀၀၇ခုနှစ်အတွင်းက အမေရိကန်နိုင်ငံ၏ တည်ဆောက်ရေးလုပ်ငန်းများ၌ ငွေကြေးသုံးစွဲမှု ၂ဒသမ၆ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖေဖော်ဝါရီ၂ရက်က အမေရိကန်စီးပွားရေးလုပ်ငန်းဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

လျော့နည်း

အမေရိကန်နိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းများ၌ ၂၀၀၇ ခုနှစ်က အမေရိကန်ဒေါ်လာ ၁ဒသမ၁၆၁ထရီလီယံ အသုံးပြုခဲ့သည်။ အဆိုပါပမာဏမှာ ၂၀၀၆ ခုနှစ်က သုံးစွဲခဲ့သည့် အမေရိကန် ဒေါ်လာ ၁ဒသမ ၁၉၂ထရီလီယံထက် လျော့နည်းခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ကျဆင်း

ထိုသို့ ငွေကြေးသုံးစွဲမှုသည် အမေရိကန်အစိုးရလုပ်ငန်းဌာနများသာမက ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များ ကဏ္ဍ၌ပါ ကျဆင်းခဲ့ခြင်း ဖြစ်သည်။

အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကပိုင် ဆောက်လုပ်ရေးကဏ္ဍများ၏ ငွေကြေး သုံးစွဲမှုမှာ ၂၀၀၅ခုနှစ်က ၁၀ဒသမ၆ ရာခိုင်နှုန်းတိုးတက်ပြီး ၂၀၀၆ခုနှစ်၌ ၅ဒသမ ၃ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ၂၀၀၇ခုနှစ်၌ ၂ဒသမ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

(အင်တာနက်)

ဂျကာတာမြို့၌ မိုးသည်းထန်စွာ ရွာသွန်း ရေကြီးမှုဖြစ်ပေါ်၍ သုံးဦးသေဆုံး

ဂျကာတာ ဖေဖော်ဝါရီ ၃

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ နှစ်ရက်ကြာမိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ရေကြီးမှု **(ယာပုံ)** ဖြစ်ပေါ်ခဲ့ရာ သုံးဦးသေဆုံးပြီး တစ်သိန်းနီးပါး ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

ရေလွှမ်းနေဆဲ

ယင်းကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဂျကာတာမြို့၏ အချို့နေရာများ၌ ရေများငါးပေခန့် အထိ မြင့်တက်ခဲ့ကြောင်း၊ ခရီးသွားလာမှုများ ကမောက်ကမဖြစ်ခဲ့ရကြောင်း၊ မိုးရွာသွန်းမှုမှာ စနေနေ့ကရပ်သွားသော်လည်း ရေများ လွှမ်းနေဆဲဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျကာတာအနောက်ပိုင်းရှိ ကင်ကာရင် အပြည်ပြည်ဆိုင်ရာ လေဆိပ်သွားလမ်းမကြီးပေါ်တွင် ရေလွှမ်းမှုကြောင့် မော်တော်ယာဉ်များ နစ်မြုပ်နေသည်ကို ဖေဖော်ဝါရီ ၂ရက်က ဤသို့တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

သီရိလင်္ကာ၌ ဗုံးခွဲတိုက်ခိုက် ၂၀သေဆုံး၊ ၅၀ဒဏ်ရာရ

ကိုလံဘို ဖေဖော်ဝါရီ ၃

သီရိလင်္ကာနိုင်ငံ ဒမ်ဘူလာမြို့လယ်၌ ဖေဖော်ဝါရီ ၂ရက်က ဘတ်စ်ကားတစ်စီးပေါ်တွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး ၂၀သေဆုံးပြီး ၅၀ဒဏ်ရာရရှိသွားကြောင်း သီရိလင်္ကာစစ်ဘက်က ပြောကြားသည်။

ဖောက်ခွဲ

ယင်းဗုံးခွဲတိုက်ခိုက်မှုသည်တမီးလ်ကျားသူပုန်များ၏ လက်ချက်ဖြစ်ကြောင်း၊ ဗုံးများဖြင့် ဆက်တိုက်ဖောက်ခွဲတိုက်ခိုက်သဖြင့် သီရိလင်္ကာအစိုးရက အပြစ်ဆိုနေကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

ဒဏ်ရာရ

ဗုံးခွဲတိုက်ခိုက်ခြင်းကြောင့် သေဆုံးသူနှင့်ဒဏ်ရာရရှိသူများသည် ကန်ဒီမြို့လယ်မှ အနုရဒ္ဓါပူရမြို့သို့ အခမ်းအနားတစ်ခုတက်ရောက်ရန် အသွား ဒမ်ဘူလာမြို့၌ ဗုံးခွဲတိုက်ခိုက်ခံရခြင်း ဖြစ်သည်။

တည်ရှိ

ဒမ်ဘူလာမြို့သည် မြို့တော်ကိုလံဘို၏ မြောက်ဘက်မိုင် ၉၀ခန့်အကွာ၌ တည်ရှိသည်။

ဖြစ်ပွား

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် သီရိလင်္ကာနိုင်ငံက ဇန်နဝါရီ ၂၈ရက်တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေး ရယူခဲ့သည့်နှစ်(၆၀)ပြည့် အခမ်းအနား ကျင်းပရန် ပြင်ဆင်နေချိန်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဗုံးထောင်

ဖေဖော်ဝါရီ ၂ရက်က ဗုံးခွဲတိုက်ခိုက်မှုမှာ လွန်ခဲ့သော သုံးပတ်က ဘွတ္တလာမြို့၌ ဘတ်စ်ကား တစ်စီး လမ်းဘေးဗုံးခွဲ တိုက်ခိုက်ခံခဲ့ရပြီးနောက် ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုပင် ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အကြမ်းဖက်သမားတို့၏ ဖောက်ခွဲရေးနည်းသစ် ဘဂ္ဂဒက်မြို့တော် နှစ်နေရာ၌ လူ ၇၀ကျော်သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ စိတ်မနှံ့သူအမျိုးသမီးနှစ်ဦး၏ ကိုယ်ခန္ဓာတွင် ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ပေးပြီးနောက် အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲသည့် အတွက် ဖေဖော်ဝါရီ ၁ရက်က လူ ၇၀ကျော် သေဆုံးကြောင်း အီရတ် လုံခြုံရေးအရာရှိက ပြောကြားသည်။

ဤနည်းဖြင့် အကြမ်းဖက် တိုက်ခိုက်သည်မှာ ထိရောက်အောင်မြင်သည်ဟု အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားများနှင့် ရာဇဝတ်ကောင်များက ဂုဏ်ယူဝင့်ကြွားနေကြောင်း အီရတ်လုံခြုံရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်အယ်မူဆာဝီက ပြောကြားသည်။

သေဆုံး

ဖေဖော်ဝါရီ ၁ရက် နံနက်က သေဆုံးမှုမှာ ၂၀၀၇ခုနှစ် ဩဂုတ် ၁ရက်က ထိခိုက်သေဆုံးမှုအပြီးတွင် ဘဂ္ဂဒက်မြို့တော်၌ လူအများဆုံး သေဆုံးသည့်နေ့ ဖြစ်သည်။

အသေခံဗုံးခွဲ

ဖေဖော်ဝါရီ ၁ရက် ဘုရားဝတ်မပြုမီ မိတ်ဆွေများနှင့် တွေ့ဆုံခြင်း၊ ဈေးဝယ်ထွက်ခြင်းပြုလုပ်စဉ် ဒေသစံတော်ချိန် ၁၀နာရီ မိနစ် ၂၀ခန့်က ဂါဇီးဈေးအတွင်း ပထမဆုံး အသေခံဗုံးခွဲလိုက်ခြင်းဖြစ်သည်။ အနည်းဆုံး ၄၆ဦး သေဆုံးပြီး ၈၀ဒဏ်ရာရရှိသည်။

နောက်မိနစ် ၂၀ခန့်အကြာတွင် ဒုတိယ အသေခံဗုံးဖောက်ခွဲမှုကို ဘဂ္ဂဒက်မြို့တော် အရှေ့ပိုင်း ဂျာဒီဒါဒေသ၌ အဝေးထိန်း ကိရိယာဖြင့်ပင် ပြုလုပ်သည်။ အနည်းဆုံး ၂၇ဦးသေဆုံးပြီး ၆၇ဦးဒဏ်ရာရရှိသည်။

အသေအပျောက်များ

စိတ်မနှံ့သူ အမျိုးသမီးများ၏ ကိုယ်ခန္ဓာတွင် ဖောက်ခွဲရေးပစ္စည်းများ ပတ်ပေးပြီးနောက် အဝေးထိန်းကိရိယာဖြင့်ဖောက်ခွဲခြင်းသည်အသေအပျောက်များသော ထိရောက်သည့်နည်းစနစ်သစ် ဖြစ်သည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်သို့ တပ်များတိုးမြှင့် စေလွှတ်ရေး အမေရိကန်၏ တောင်းဆိုမှု ဂျာမနီက ပယ်ချ

ဘာလင် ဖေဖော်ဝါရီ ၃

ပယ်ချ

အာဖဂန်နစ္စတန်နိုင်ငံ၌ နေတိုး တပ်များ ဝန်ထုပ်ဝန်ပိုးပိနေ၍ သက်သာမှုရစေရန် တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေးအတွက် အမေရိကန်က မေတ္တာရပ်ခံတောင်းဆိုလာခြင်းကို ဂျာမနီနိုင်ငံက လက်မခံဘဲ ပယ်ချလိုက်သည်။

ပေးပို့ခဲ့

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဂျာမနီအစိုးရသို့ စာတစ်စောင်ပေးပို့ခဲ့သည်ဟု ဆိုသည်။

ပြောကြား

တာလီဘန်သောင်းကျန်းသူအဖွဲ့များ ကြီးစိုးရာ ယင်းဒေသသို့ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ခြင်းမပြုနိုင်ကြောင်း ဂျာမနီ ကာကွယ်ရေးဝန်ကြီးမှ ဖရန့်ဂျိုးဆက်ဂျွန်က ပြောကြားသည်။

ယင်းပေးပို့သော စာတွင် နေတိုးတပ်များအနေဖြင့် အာဖဂန်နစ္စတန်၌ ထိန်းချုပ်နိုင်စွမ်းမရှိလျှင် အရှုံးဖြင့် ရင်ဆိုင်နိုင်ဖွယ်ရှိကြောင်း ဂျိုးဆက်ဂျွန်က ပြောကြားသည်။

(အင်တာနက်)

တရုတ်နိုင်ငံ ကျန်စီပြည်နယ် ပင်ဆန်မြို့ပြင်၌ နှင်းမုန်တိုင်းကြောင့် ပြိုလဲကျနေသော လျှပ်စစ်ဓာတ်အားပေး တာဝါတိုင်အား အလုပ်သမားများ ပြန်လည်စိုက်ထူနေကြသည်ကို ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ပင်လယ်ရေအောက် ကေဘယ်လ်ကြိုး ပြတ်တောက်မှု အရှေ့အလယ်ပိုင်း၌ အင်တာနက်ဆက်သွယ်မှုထိခိုက်

မွန်ဘိုင်း ဖေဖော်ဝါရီ ၃

အီဂျစ်နိုင်ငံအနီး၌ ပင်လယ်ရေအောက်ကေဘယ်လ်ကြိုးပြတ်တောက်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီးနောက် တတိယမြောက် ကေဘယ်လ်ကြိုးမှာ ဖေဖော်ဝါရီ၁ရက်က ပြတ်တောက်သွားခဲ့သဖြင့် အရှေ့အလယ်ပိုင်းနှင့် အာရှဒေသအချို့၌ အင်တာနက်ဆက်သွယ်မှု အတားအဆီး အနှောင့်အယှက်များ ဖြစ်စေခဲ့ကြောင်း အိန္ဒိယပိုင် ကေဘယ်လ်ကွန်ရက် ဆက်သွယ်သည့် ကုမ္ပဏီ အက်ဖ်အိုင်အေဂျီက ပြောကြားသည်။

ဆုံးရှုံးထိခိုက်

အီဂျစ်နိုင်ငံသည်ဇန်နဝါရီ၃၀ရက်က ပင်လယ်ရေအောက် ကေဘယ်လ်ကြိုး ပြတ်တောက်ခဲ့သဖြင့် အင်တာနက်ဆက်သွယ်မှု ထက်ဝက်ကျော် ဆုံးရှုံးထိခိုက်မှု ဖြစ်ခဲ့ရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်မှု တရားရုံး၌သာ ရင်ဆိုင်သင့် သမ္မတ ကီဘာကီ အတိုက်အခံခေါင်းဆောင်အား ပြောကြား ကင်ညာ၌ အကြမ်းဖက်မှု ဆက်လက်ဖြစ်ပွား၍ လူ၂၀ကျော်သေဆုံး

နိုင်ရိုဘီ ဖေဖော်ဝါရီ ၃

ကင်ညာအစိုးရနှင့် အတိုက်အခံခေါင်းဆောင်တို့သည် ဖေဖော်ဝါရီ ၁ရက်က ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့်စပ်လျဉ်း၍ သဘောတူညီမှုအချို့ရှိခဲ့သော်လည်း ကင်ညာနိုင်ငံ အနောက်ပိုင်း၌ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရာ လူ ၂၀ကျော် သေဆုံးခဲ့ကြောင်း ဖေဖော်ဝါရီ ၂ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကင်ညာနိုင်ငံ၌ ကျင်းပခဲ့သော ရွေးကောက်ပွဲရလဒ်ကို မကျေနပ်သဖြင့် ဆူပူဆန္ဒပြနေသည့် ပြည်သူများကို ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အကြမ်းဖက်

ကင်ညာနိုင်ငံအနောက်ပိုင်းအယ်လ်ဒိုရက်မြို့၌ ဖေဖော်ဝါရီ ၂ရက်က ရဲတပ်ဖွဲ့နှင့် ဒေသခံလူငယ်ဂိုဏ်းအဖွဲ့များအကြား အကြမ်းဖက်မှု ဖြစ်ပွားခဲ့သည်။

သေဆုံး

လူငယ်များက တုတ်၊ ဓား၊ လေး၊ မြား လက်နက်များ ကိုင်ဆောင်၍ ရဲတပ်ဖွဲ့အား ခုတ်ထစ်သတ်ဖြတ်ရန် ကြိုးဝါးနေသဖြင့် ရဲတပ်ဖွဲ့က သေနတ်နှင့်ပစ်သတ်ခဲ့ရာ အချို့ သေဆုံးခဲ့သည်ဟုဆိုသည်။

မီးရှို့

လူငယ် ဂိုဏ်းအဖွဲ့ တစ်ဖွဲ့က အယ်လ်ဒိုရက်မြို့ ရစ်ဖ်ဗယ်လီ ဒေသအနီး၌ ဘုရားရှိခိုးကျောင်းတစ်ခုကို မီးရှို့လိုက်သည်။

ဖော်ပြ

ဇန်နဝါရီ ၃၁ရက်က ညက်ဇာပြည်နယ် အနောက်ပိုင်း၌ အတိုက်အခံအဖွဲ့မှ ခေါင်းဆောင်တစ်ဦးအား ရဲတပ်ဖွဲ့က သေနတ်ဖြင့် ပစ်သတ်လိုက်ပြီးနောက် အကြမ်းဖက်မှုများ ပို၍ဆိုးရွားလာကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

ဖြစ်ပွား

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုအတွက် သမ္မတကီဘာကီက အတိုက်အခံခေါင်းဆောင် အိုဒင်ဂါအား ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်ပြီး တရားရုံး၌ ရင်ဆိုင်သင့်ကြောင်း အကြံပြုပြောကြားလိုက်ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြောကြား

ပြီးခဲ့သော ရွေးကောက်ပွဲသည် မဲလိမ်မှုသာဖြစ်ကြောင်း၊ မိမိသည် ယင်းကိစ္စနှင့်ပတ်သက်၍ တရားရုံး၌ ရင်ဆိုင်ပါက တရားသူကြီးများအနေဖြင့် မစ္စတာကီဘာကီကိုသာ ဘက်လိုက်အနိုင်ပေးလိမ့်မည်ဖြစ်ကြောင်း အတိုက်အခံခေါင်းဆောင် အိုဒင်ဂါက ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် တာဝန်ရှိ

ဟိုနိုလူလူ (အမေရိကန်) ဖေဖော်ဝါရီ ၃

ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များ လျှော့ချရေး ဦးဆောင်ရာတွင် အဓိကတာဝန်ရှိကြောင်း ကုလသမဂ္ဂ ရာသီဥတုပြုပြင်ပြောင်းလဲရေးဆိုင်ရာ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၃၀ရက်၌ ပြောကြားသည်။

ဆောင်ရွက်သွားမည်

စက်မှုနိုင်ငံများသည် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များလျှော့ချရေး ဦးဆောင်မှုကို အဓိကတာဝန်အဖြစ် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဒုတိယအကြိမ် စွမ်းအင်လုံခြုံမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစည်းအဝေး၌ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂမူဘောင်ကွန်ဗင်းရှင်း အတွင်းရေးမှူး ဝိုင်ဗိုဒီဘိုယာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကိုလံဘီယာ ဘိန်းဘုရင် ဗင်နီဇွဲလား၌ ပစ်သတ်ခံရ

ဘိုဂိုတာ ဖေဖော်ဝါရီ ၃

ကိုလံဘီယာနိုင်ငံ၏ ကျန်ရှိနေသော အကြီးဆုံးဘိန်းဘုရင်သည် အိမ်နီးချင်း ဗင်နီဇွဲလားနိုင်ငံ၌ သေနတ်ဖြင့်ပစ်သတ်ခံရ၍ သေဆုံးသွားကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၁ရက်တွင် ပြောကြားသည်။

ဘိန်းဘုရင် ဝီလ်ဘာဗာရီလာ၏ အလောင်းကို သေနတ်ဒဏ်ရာဖြင့် ကိုလံဘီယာနယ်စပ်အနီး ဗင်နီဇွဲလားနိုင်ငံ၌ ဇန်နဝါရီ ၃၀ရက်က သေဆုံးလျက် တွေ့ရှိရခြင်းဖြစ်သည်။

ဝီလ်ဘာဗာရီလာ

မိမိတို့သည် ဘိန်းဘုရင်ဗာရီလာ၏ အလောင်းကို ကိုလံဘီယာနိုင်ငံသို့ လွှဲပြောင်းပေးရန် စီစဉ်နေကြောင်း၊ ၎င်း၏ လက်ဗွေအရ ကိုလံဘီယာနိုင်ငံက အလိုရှိနေသော ဘိန်းရာဇာပင်ဖြစ်ကြောင်း ဗင်နီဇွဲလား မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အရာရှိချုပ် ဗိုလ်မှူးကြီး နက်စတာလူးဝစ်ရီဗာရိုးက ပြောကြားသည်။

ဘိန်းဘုရင်ဖြစ်

ဗာရီလာသည် ရဲတပ်ကြပ်ဟောင်းတစ်ဦးဖြစ်ပြီး အမေရိကန်နိုင်ငံသို့ ကိုကင်းတန်ပေါင်းများစွာ မှောင်ခိုတင်ပို့ရောင်းချနေသူဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်က ဘိန်းရာဇာ ဒွန်ဒီရို အဖမ်းခံရပြီးနောက် ကိုလံဘီယာနိုင်ငံက အလိုရှိနေသော အကြီးဆုံး ဘိန်းဘုရင်ပင် ဖြစ်သည်။

ဗာရီလာအား ဗင်နီဇွဲလားနိုင်ငံ၏ မီဒီဒါပြည်နယ်ရှိ ဟိုတယ်တစ်ခု၏ အခန်းတစ်ခန်း၌ ၎င်း၏သက်တော်စောင့်နှင့်အတူ သေနတ်ဒဏ်ရာဖြင့် သေဆုံးလျက်တွေ့ရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

လူမှောင်ခိုဂိုဏ်း ဗြိတိန်၌ ဖြိုခွင်း

လန်ဒန် ဖေဖော်ဝါရီ ၃

ဗြိတိန်နိုင်ငံ၌ အကြီးဆုံး လူမှောင်ခိုဂိုဏ်းကြီးနှစ်ခုကို ရဲတပ်ဖွဲ့က ဖြိုခွင်းလိုက်ပြီး လူတစ်ဒါဇင်ကျော်ကိုလည်း ဇန်နဝါရီ ၃၁ရက်က ဖမ်းဆီးလိုက်ကြောင်း စကော့လန်ရပ်က ပြောကြားသည်။

ဖမ်းဆီးနိုင်ခဲ့

ရဲတပ်ဖွဲ့က အဆိုပါလူဒါဇင်ကျော်ကို လန်ဒန်နှင့် မစ်လန်းဒေသ တစ်ခုလုံး ဝင်ရောက်ရှာဖွေ ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ပြောကြား

အဆိုပါ မှောင်ခိုဂိုဏ်းများသည် ပြင်သစ်နှင့် ဘယ်လ်ဂျီယံတို့ရှိ မှုခင်းများနှင့် ဆက်နွှယ်နေကြောင်း၊ ယင်းတို့သည် ဘိန်းဖြူမှောင်ခိုမှု၊ ငွေကြေးခဝါချမှုတို့တွင် ပါဝင်နေသူများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပါဝင်

ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ရာတွင် အသက် ၂၇နှစ်မှ ၅၉နှစ်အတွင်းရှိ အမျိုးသား ၁၁ဦးနှင့် အမျိုးသမီး တစ်ဦး ပါဝင်သည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်၌ နှစ် ၅၀ကျော်အတွင်း အဆိုးရွားဆုံး နှင်းမုန်တိုင်းကျ နောက်ထပ် ရာသီဥတု ပိုဆိုးမည်ဟု အစိုးရ သတိပေး

ပေကျင်း ဖေဖော်ဝါရီ ၃

တရုတ်နိုင်ငံတွင် နှစ်ပေါင်း ၅၀ကျော်အတွင်း အဆိုးရွားဆုံး နှင်းမုန်တိုင်းကျရောက်နေစဉ် ရာသီဥတုဆိုးရွားမှု ဆက်ဖြစ်နေဦးမည်ဟု အစိုးရက ပြည်သူများကို သတိပေးနှိုးဆော်လိုက်သည်။

ကြေညာ

ရာသီဥတုအဆိုးဆုံးအဖြစ် အအေးလွန်ကဲသည့် ပြည်နယ်များတွင် နှင်းမုန်တိုင်းများ နောက်ထပ် သုံးလေးရက် အကြီးအကျယ် ကျရောက်ဦးမည်ဟု နိုင်ငံတော် မိုးလေဝသဌာနက ကြေညာသည်။

ကြုံတွေ့

ရာသီဥတုဆိုးရွားမှုဒဏ်ကို ပြည်သူသန်း ၁၀၀ခန့် ကြုံတွေ့ခံစားနေရပြီး အပျက်အစီး ဆုံးရှုံးမှုတန်ဖိုး ယွမ်ငွေ ၅၄ဘီလီယံ(ဒေါ်လာ၇ဒသမ၈ဘီလီယံ) ရှိသည်။

ဖြန့်ကြက်

ကယ်ဆယ်ရေး လုပ်ငန်းများကို အားသွန် ဆောင်ရွက်နိုင်ရန် အစိုးရက တပ်မတော်သားများကို အင်အားနှစ်ဆတိုး ဖြန့်ကြက်ထားသည်။ တပ်မတော်သား ၃၀၀၀၀၀ကျော်နှင့် အရန်တပ်ဖွဲ့ဝင် ၁ဒသမ ၁သန်း ရှိသည်။

သေဆုံး

ဖျားနာ၊ဒဏ်ရာရသူ ၂၀၀၀၀၀ ကျော်ကို အရေးပေါ် ဆေးကုသပေးနေရသည်။ အအေးလွန်ကဲမှုကြောင့် လူ ၆၀ သေဆုံးခဲ့ပြီး ဖြစ်သည်။

(အင်တာနက်)

တရုတ်နိုင်ငံ နန်နင်းမြို့၌ ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းသဖြင့် သစ်ပင်များ ပြိုလဲနေသည်ကို ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့ ထိပ်တန်းရထားလမ်း အိန္ဒိယမှ သုံးလိုင်းပါဝင်

နယူးဒေလီ ဖေဖော်ဝါရီ ၃

ကမ္ဘာ့ခရီးသွားအဖွဲ့အစည်းက ရွေးချယ်သော ကမ္ဘာ့ထိပ်တန်းမီးရထားလိုင်း ၂၅လိုင်းတွင် အိန္ဒိယနိုင်ငံမှ မီးရထားလိုင်းသုံးလိုင်းပါဝင်ကြောင်း နယူးဒေလီထုတ် ဟိန္ဒူသတင်းစာက ဇန်နဝါရီ ၃၁ရက်တွင် သတင်းထုတ်ပြန်သည်။

သက်သောင့်သက်သာရှိမှု၊ သာယာကြည်နူးမှု၊ ပျော်ရွှင်မှုကို မြတ်နိုးသည့် ခရီးသွားများက ဖွဲ့စည်းထားသည့် အမေရိကန်အခြေစိုက် နိုင်ငံတကာ မီးရထားခရီးသွားများအဖွဲ့က မီးရထားလိုင်းများ၏ ဝန်ဆောင်မှု၊ နေရာထိုင်ခင်းနှင့် ခရီးသွားများ သဘောကျနှစ်ခြိုက်မှုအပေါ် အခြေခံ၍ ရွေးချယ်ခဲ့သည်။

ယင်းထိပ်တန်းမီးရထားလိုင်းများတွင် အာရှမှ ငါးလိုင်းပါဝင်သည့်အနက် အိန္ဒိယမှ သုံးလိုင်းပါဝင်ခြင်းဖြစ်ပြီး ယင်းလိုင်း သုံးခုမှာ ပဲလေ့စ်အွန်ဝှီးလ်လိုင်း၊ ဒါဂျီလင် ဟိမဝန္တာလိုင်းနှင့် ဒက်ကန်အိုဒက်ဆီလိုင်းများ ဖြစ်ကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦးသေဆုံး၊ ငါးဦးဒဏ်ရာရရှိ

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၁ ရက်က ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ ပါကစ္စတန်နိုင်ငံ ခါဂျူရီမြို့ စစ်ဆေးရေးစခန်းတစ်ခု၌ ပါကစ္စတန်လုံခြုံရေး တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်နေစဉ် မော်တော်ကား တစ်စီးက အတင်းမောင်းဝင်ကာ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

လုံခြုံရေးတင်းကျပ်

ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လမ်းမကြီးကို ပိတ်ဆို့လိုက်ကာ လုံခြုံရေးတင်းကျပ်စွာ ချထားလိုက်ပြီး စစ်ဆေးရှာဖွေမှုများပြုလုပ်ခဲ့သည်။

ဗုံးခွဲတိုက်ခိုက်မှုများ

ပါကစ္စတန် အနောက်မြောက်ပိုင်းဒေသများ၌ ဗုံးခွဲတိုက်ခိုက်မှုများ အဖြစ်များလျက်ရှိရာ ပါကစ္စတန်တပ်ဖွဲ့ဝင်များက လုံခြုံရေးတပ်ဖွဲ့ဝင်များ ပိုမိုချထားဆောင်ရွက်နေရသည်။

(အင်တာနက်)

အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ မြောက်ဘက် ၄၅ကီလိုမီတာအကွာ ဆရီပီရမ်ဘူဒါ အခြေစိုက် ဟွန်ဒိုင်းမော်တော်ကားထုတ်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှား၌ မိုးသည်းထန်စွာ ရွာသွန်းမှု လေကြောင်းခရီးစဉ်များရပ်ဆိုင်း

ဂျကာတာ ဖေဖော်ဝါရီ ၃

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ မိုးသည်းထန်စွာရွာသွန်းသဖြင့် ဖေဖော်ဝါရီ၁ရက် နံနက်ပိုင်းက ဆိုကာရန်နိုဟတ်တာလေဆိပ်ခရီးစဉ်များ ရပ်ဆိုင်းထားရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဆူမတြားတောင်ပိုင်းရှိ ဘာဒါရူဒင် လေဆိပ်နှင့် ဂျာဗားအရှေ့ပိုင်းရှိ ဂျန်ဒါ လေဆိပ်၌ ခရီးသည် ၁၅ဦးထက်မနည်း တင်ဆောင်သွားသည့်လေယာဉ်များမှာ ရာသီဥတုဆိုးရွားမှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ထပ်လောင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယ၌ ကြက်ငှက်တုပ်ကွေး ဖြစ်ပွားရာဒေသတွင် မွေးမြူနေသူ ၂၆ဦးအား သီးသန့်ထား၍ ကုသပေးနေ

ကိုလ်ကတ္တား ဖေဖော်ဝါရီ ၃

အိန္ဒိယနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးကူးစက်ခံရသော ပြည်နယ်တစ်ခုတွင် ကြက်ငှက်များကို သုတ်သင်စဉ် မွေးမြူနေသော ၂၆ဦးအား သီးခြားထားရှိခဲ့ရကြောင်း တာဝန်ရှိသူများ ဖေဖော်ဝါရီ ၁ရက်က ပြောကြားသည်။

အနောက်ဘင်္ဂလယ်ပြည်နယ်အရှေ့ပိုင်း၌ မွေးမြူသူများကို ထားရှိခဲ့ရာ လွန်ခဲ့သောရက်များက အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ခဲ့ကြောင်း၊ သို့သော်လည်း ယင်းမွေးမြူသူများသည် ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားခြင်း အခြေအနေမျိုးမဖြစ်သေးကြောင်း ကျန်းမာရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သုံးသပ်နေ

အဆိုပါပုဂ္ဂိုလ်များအား ကနဦးစစ်ဆေးချက်အရ ကြက်ငှက်တုပ်ကွေးဖြစ်ပွားသည့် အနေအထားမရှိကြောင်း၊ နေ့စဉ်မွေးမြူသူများအားစာရင်းကောက်၍ သုံးသပ်နေကြောင်း ဝါရင့်ကျန်းမာရေးအရာရှိအာအက်စ်ရှုကလာကပြောကြားသည်။

အိန္ဒိယနိုင်ငံ ဘင်္ဂလယ်ပြည်နယ် ခရိုင်၁၉ခရိုင်ရှိရာတွင် ၁၃ခရိုင်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားနေသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင် ကြက်ဥဒုတိယအများဆုံးတင်ပို့ရောင်းချသည့် နိုင်ငံဖြစ်သည်။ သို့သော်လည်း လွန်ခဲ့သောနှစ်ပတ်က ကြက်ငှက်တုပ်ကွေးဖြစ်ပွားနေ၍ တင်ပို့မှု၅၀ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

မောင်မောင်မြင့်ဆွေ

လျှပ်စစ်အိမ်သုံးပစ္စည်းများ သတိလက်လွတ်အသုံးပြုလျှင်

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင်ရှိသော လေးထပ် လူနေအဆောက်အအုံတစ်ခု၏ သုံးထပ်၌ ဖေဖော်ဝါရီ ၂ရက်က မီးလောင်မှုဖြစ်ပွားရာ ပျက်စီးဆုံးရှုံးများ ဖြစ်ပေါ်ခဲ့ရသည်ဟု မက်ဒရစ်ရဲတပ်ဖွဲ့က ပြောကြားသည်။

မာဂီရက်အမည်ရှိ အသက်၄၃နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် အဝတ်အစားများကို မီးပူတိုက်နေရာမှ ရုတ်တရက်ပစ္စည်းတစ်ခုဝယ်ရန် သတိရကာ အိမ်တံခါးပိတ်ပြီး အနီးရှိစတိုးဆိုင်တစ်ခု၌ ဈေးသွားခဲ့ရာ စိတ်တိုင်းမကျသဖြင့် နောက်တစ်ဆိုင် ပြောင်းဝယ်ခဲ့မှုကြောင့် အချိန်၄၅မိနစ်ခန့်ကြာခဲ့ရာ အိမ်၌ မီးပူမှတစ်ဆင့် အဝတ်အထည်များ မီးလောင်ရာခဲ့ပြီး အိမ်ခန်းတစ်ခုလုံး မီးလောင်ခံခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် လျှပ်စစ်အိမ်သုံးပစ္စည်းများကို သတိလက်လွတ် သုံးစွဲမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်မှာ သင်ခန်းစာယူစရာပင်။

တန်ဖိုးရှိပစ္စည်းများ ကိုယ်နှင့်တစ်ပါတည်းယူဆောင်မသွားလျှင်

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် လူစည်ကားရာ မြို့လယ်လမ်းမကြီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ အဖိုးတန်ပစ္စည်းများပါရှိသော လက်ဆွဲအိတ်တစ်လုံး ဖေဖော်ဝါရီ ၁ရက်က ပျောက်ဆုံးခဲ့ကြောင်း ရီယိုဒီဂျနေးရိုးမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

အသက် ၅၅နှစ်အရွယ်ရှိ ကျောက်မျက်ရတနာကုန်သည်တစ်ဦးသည် အမေရိကန်ဒေါ်လာတစ်သန်းခန့်တန်ဖိုးရှိသော ရတနာပစ္စည်းများပါရှိသော လက်ဆွဲအိတ်ကို ကားနောက်ခန်းအတွင်းထားကာ ကားတံခါးသော့မပိတ်မိဘဲ မိတ်ဆွေတစ်ဦး၏ဆိုင်သို့ ခေတ္တသွားရောက်ပြီးပြန်အလာ အဆိုပါလက်ဆွဲအိတ် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ တန်ဖိုးရှိသော ငွေကြေးနှင့်ပစ္စည်းများကို မိမိနှင့်အတူ တစ်ပါတည်းယူဆောင်သွားသင့်ကြောင်းကို ဤဖြစ်ရပ်က ဖော်ပြနေသည်။

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းသတင်းဖြစ်ရပ် **ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်**

သစ္စာတော်ဦး စူးပြီထင့်

မဲလ်ဘုန်းမြို့သည် ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းရှိ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ပြီး ဗစ်တိုးရီးယားပြည်နယ်၏ မြို့တော်ဖြစ်သည်။ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သဖြင့် ပင်လယ်၏သဘာဝအလှအပရှုခင်းများကို အပြည့်အဝခံစားနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ စီးပွားရေးအချက်အချာကျသည့် မြို့ဖြစ်သည်။ လူဦးရေသုံးသန်းကျော်နေထိုင်ပြီး စည်ကားသည်။

ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်

မဲလ်ဘုန်းမြို့မြောက်ပိုင်းတွင် ဩစတြေးလျဘောလုံးအဖွဲ့ချုပ်၏ အစီအစဉ်တင်ဆက်သူဖြစ်ခဲ့ဖူးသော ဝိန်းကာရေးနေထိုင်သည်။ ဝိန်းကာရေး **(ယာဝဲပုံ)** သည် ယောက်ျားပီသ ခန့်ညားချောမောသူဖြစ်ပြီး ယခုအခါအသက် ၄၅နှစ်အရွယ် ရှိနေပေပြီ။ သူ၏ ခန့်ညားချောမောမှု၊ လုပ်ငန်းတွင် ထူးချွန်ထက်မြက်မှု၊ အလုပ်ကြိုးစားမှု၊ ပေါင်းသင်းဆက်ဆံရေးပြေပြစ်မှုကြောင့် ကာရေးသည် ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဖြစ်ခဲ့သည်။

သဘောထားပြည့်ဝ

ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ကာရေးသည် လွန်ခဲ့သောကိုးနှစ်ဖြစ်သည့် ၁၉၉၉ခုနှစ်က မိန်းကလေး အများကြီးရှိသည့်အနက်မှ သူထက်ခြောက်နှစ်ခန့်ငယ်သည့် ဆယ်လီ **(အပေါ်ယာပုံ)** ဆိုသူ မိန်းမချောကလေးကို ရွေးချယ်လက်ထပ်ခဲ့သည်။ ဝိန်းကာရေးနှင့် ဆယ်လီကာရေးတို့သည် ရှေ့သွားနောက်လိုက်ညီသော ဇနီးမောင်နှံဖြစ်သလို ဆယ်လီသည် ကာရေးအပေါ်တွင် မြတ်နိုးစုံမက်ကာ သစ္စာတရားကြီးမားပြီး ဇနီးကောင်းပီသသူဖြစ်သည်။ သူတို့သည် လက်ထပ်ပြီး ခြောက်နှစ်မျှ သားသမီးမယူဘဲ လွတ်လပ်ပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည်။ ၂၀၀၅ခုနှစ်တွင် သားသမီးယူခဲ့ကာ ၂၀၀၆ခုနှစ်တွင် သမီးကလေးအယ်လာကို မွေးဖွားခဲ့သည်။ယခုဆိုလျှင်သမီးလေး အယ်လာ နှစ်နှစ်သမီးအရွယ် ရောက်နေပေပြီ။ သမီးလေးအရွယ်ရောက်ကာမှ သူ၏မိုက်ပြစ်ကြောင့် ဆယ်လီနှင့်အတူ နေခွင့်မရှိတော့သလို သမီးကလေးအယ်လာကိုလည်း ယုယပိုက်ထွေးခွင့် မရှိတော့ပေ။ သူ့အပေါ်တွင် သစ္စာတရားကြီးမားခဲ့သော ဆယ်လီတွင် သူနှင့်ပတ်သက်ပြီး အပြစ်ဆိုလို့ မြူတစ်မှုန် ဆံခြည်တစ်မျှင်တောင်မှ ရှာမတွေ့ခဲ့ဟု သူသုံးသပ်မိသည်။ မင်းရဲ့သစ္စာတရားက ကိုယ့်အပေါ်မှာ စူးရှခဲ့ပြီထင်ပါရဲ့ကွယ်။ အတိတ်ကို ပြန်တွေးမိပြန်တော့ မင်းကိုယ့်အပေါ်မှာ သစ္စာတရားကြီးမား၊ သဘောထားပြည့်ဝခဲ့တာလေးတွေ၊ ကြည်နူးဆွတ်ပျံ့ဖွယ်ရာလေးတွေကို ပြန်ပြီး လွမ်းဆွတ်ခွင့်မရအောင် ကိုယ့်နောင်တက နှောင်းခဲ့ပြီကောကွယ်။

အမုန်းတံတိုင်း

မှတ်မှတ်ရရ သမီးကလေး အယ်လာမွေးဖွားပြီးကာစ ၂၀၀၆ခုနှစ်နှောင်းပိုင်းက မီးဖွားပြီးစမို့ သူ့အပေါ်ဝတ္တရား အနည်းအကျဉ်းပျက်ခဲ့သည့် ဇနီးသည်

အပေါ်တွင် သူအမြင်မကြည်လင်ခဲ့။ ရိုးသားသော ကာရေးသည် သားသမီးမယူခင် ၂၀၀၄ခုနှစ်က သူ့စိတ်တွေ ယိမ်းယိုင်ကာ သူ၏မိတ်ဆွေ အန်ထော်နီစတီဗင်၏ဇနီး ကီလီစတီဗင်နှင့် တိတ်တိတ်ပုန်းတွဲခုတ်ခဲ့ကြသေးသည်။ ရိုးသားသော ဇနီးသည် ဆယ်လီကမူ သူသစ္စာမဲ့ကာ ခြေလှမ်းပျက်ခဲ့သည်ကို မသိရှာခဲ့။ ယခုတော့ ထိုဇာတ်လမ်းက ပြီးဆုံးသွားခဲ့ပြီး ကိုယ်ဟန်ပြမယ် ကိတ်နယ်လ်ဆင်ဆိုသူ မိန်မချောလေးနှင့် အခန်းဆက် ဇာတ်လမ်းသစ်ထွင်နေလေပြီ။ ထို့ကြောင့်လည်း မေတ္တာရှင်၊ သစ္စာရှင်မလေး ဆယ်လီအပေါ် မရှိသည့်အပြစ်ကို ရှာကြံမြင်နေမိတော့သည်။ သွေးနုသားနုနှင့် ဇနီးသည်ကို ညှာတာဖို့ဝေးစွ။ ငါးစိမ်းမြင် ငါးကင်ပစ်ကာ အချစ်သစ်တွင်ပျော်မွေ့နေတော့သည်။ ယခုဇာတ်လမ်းသစ်ကိုတော့ ဆယ်လီ သိသွားပြီး ဒူးနှင့်မျက်ရည်သုတ်ကာ မျက်ရည်နှင့်မျက်ခွက် ဖြစ်ခဲ့ရသည်။ သူ့စိတ်ကြောင့်ပင် ဆယ်လီမှာအိပ်ရာထဲ ဘုန်းဘုန်းလဲခဲ့ရသေးသည်။ ယခုမှ သူပြန်တွေးကြည့်တော့ ဇနီးသည်ဆယ်လီမှာ သူ၏ စိမ်းကားရက်စက်မှုကို ခါးစည်းခံခဲ့ရကာ သနားစရာအလွန်ကောင်းလှကြောင်း ကာရေးတွေးမိပြီး ဇနီးသည် စိတ်ချမ်းသာရေးအတွက် အစွမ်းကုန် ဖြည့်ဆည်းပေးချင်သော်လည်း သူ့အပေါ်တွင် အချစ်ကြီး၊ အမျက်ကြီးကာ မုန်းတီးနာကြည်းသွားသော ဆယ်လီ နှင့် သူ၏ဘဝက အမုန်းတံတိုင်းခြားသွားခဲ့ပေပြီ။

အချစ်သစ်

ဝိန်းကာရေးသည်လည်း ဆယ်လီ သူ့အပေါ်တွင်ထားရှိသော သစ္စာတရား၏ဒဏ်ခတ်ခြင်းကို ခံခဲ့ရပါသည်။ ၂၀၀၇ခုနှစ် အောက်တိုဘာလအတွင်းက အချစ်သစ် ကိတ်နယ်လ်ဆင်နှင့်သူ အမေရိကန်နိုင်ငံ မီယာမီကမ်းခြေသို့ အပန်းဖြေခရီးထွက်ရင်း စိတ်အခန့်မသင့်မှုကြောင့် ကိတ်နယ်လ်ဆင်၏ မျက်နှာကို ဝိုင်ဖန်ခွက်ဖြင့် ပစ်ပေါက်ခဲ့မိသည်။ ပါးစပ်တွင် ခိုက်မိသွားသော နယ်လ်ဆင်က ကြောက်လန့်တကြား ထွက်ပြေးရာမှ ရဲတပ်ဖွဲ့က သိသွားပြီး အမှုဖွင့်ခဲ့သည်။ နယ်လ်ဆင်က သာမန်ပြဿနာသာဖြစ်ကြောင်းရှင်းပြကာ အမှုပိတ်ရန်ကြိုးပမ်းသော်လည်း ဥပဒေက ခွင့်မပြုခဲ့ပေ။

ဩစတြေးလျနိုင်ငံသားဖြစ်သူ ဝိန်းကာရေးအား အမေရိကန်နိုင်ငံ လက်စ်ဗီးဂက်မြို့တရားရုံးက ဆည့်သည်ဖြစ်သဖြင့် ပြစ်ဒဏ်လျှော့ပေါ့ခဲ့သည်။ ဝိန်းကာရေး ကျခံရမည့်ပြစ်ဒဏ်မှာ ထောင်ခြောက်လပြစ်ဒဏ် သို့မဟုတ် အမေရိကန် ဒေါ်လာ ၁၀၀၀သာဖြစ်သော်လည်း ဩစတြေးလျတွင် အားကစားအစီအစဉ်ကြေညာသည့် ကြယ်ပွင့်တစ်ယောက်အနေဖြင့် ဂုဏ်သိက္ခာကျဆင်းသလို ဆယ်လီနှင့် သာယာသောအိမ်ထောင်ရေးပြိုကွဲခဲ့ရပြီး အိမ်ထောင်ရေးဖောက်ပြန်သူအဖြစ် လူ့အသိုင်းအဝိုင်းတွင် မျက်နှာငယ် အရှက်ကွဲခဲ့ရသည်။

ဤဖြစ်ရပ်တွင် သစ္စာရှင်မလေး ဆယ်လီအပေါ်တွင်သစ္စာမဲ့ပြီး လူမှုရေးဖောက်ပြန်ခဲ့သူ ဝိန်းကာရေးသည် သူ၏ မိုက်မဲမှုကြောင့် အဖိုးတန်ဇနီးသည်ကို စွန့်လွှတ်ခဲ့ရပြီး သမီးဖြစ်သူနှင့်ဝေးခဲ့ရသည့်အဖြစ်ကို သင်ခန်းစာယူသင့်သလို သူ့အနေဖြင့် သစ္စာတော်ဦး စူးပြီထင့် ဟူသော အဆွေးသီချင်းကို သီဆိုနေရုံမှ တစ်ပါး။ ။

ဇနီးသည် စိတ်ချမ်းသာရေးအတွက် အစွမ်းကုန် ဖြည့်ဆည်း ပေးချင်သော်လည်း သူ့အပေါ်တွင် အချစ်ကြီး၊ အမျက်ကြီးကာ မုန်းတီးနာကြည်းသွား သော ဆယ်လီနှင့် သူ၏ ဘဝက အမုန်းတံတိုင်း ခြားသွား ပေပြီ။

4-2 (06) 1 2/4/08, 1:37 AM

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

● **ဗြိတိန်နိုင်ငံ အရှေ့တောင်ပိုင်းကမ်းလွန်တွင် ဖေဖော်ဝါရီ ၂ ရက်က အင်အားပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ကုန်တင်သင်္ဘောတစ်စင်း တိမ်းမှောက်ခဲ့ရာ သင်္ဘောသားများအား ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်နိုင်ခဲ့သည်။** (အောက်ပုံ)

■ တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်စီပြည်နယ် ဟန်ချန်မြို့အနီး၌ ဖေဖော်ဝါရီ ၂ ရက်က ကျောက်မီးသွေးမိုင်း တွင်းတစ်တွင်း ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းလုပ်သားကိုးဦး သေဆုံးခဲ့သည်။

● **အိန္ဒိယနိုင်ငံအနောက်ပိုင်း အမီဒါဘတ်မြို့ရှိ လေးထပ်မြင့်ဟိုတယ်တစ်ခု ဖေဖော်ဝါရီ ၂ ရက်က ပြိုကျခဲ့ရာ ၁၂ ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။**

■ ဂျာမနီနိုင်ငံအနောက်ပိုင်း ကိုလုန်းမြို့တွင် ဖေဖော်ဝါရီ ၂ ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျရောက်ခဲ့သဖြင့် မော်တော်ယာဉ်သွားလာမှု ပြတ်တောက်ခဲ့ပြီး အဝေးပြေးလမ်းမကြီးများအားလုံး သွားလာမှု ပိတ်ထားခဲ့ရသည်။

● **အမေရိကန်နိုင်ငံ ချီကာဂိုမြို့ရှိ စတိုးဆိုင်ကြီး တစ်ဆိုင်အတွင်း ဖေဖော်ဝါရီ ၂ ရက်က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် လေးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။**

■ အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ် ဒါရာနူခရိုင်ရှိ ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ ၂ ရက်က မြေပြိုမှုဖြစ်ပွားရာ ကလေးငယ်နှစ်ဦးအပါအဝင် ကိုးဦးသေဆုံးခဲ့သည်။

● **အိန္ဒိယနိုင်ငံတောင်ပိုင်း ဘင်္ဂလားပင်လယ်အော်တွင် ဖေဖော်ဝါရီ ၂ ရက်က အိန္ဒိယရေတပ်စစ်သင်္ဘောတစ်စင်းပေါ်၌ ဓာတ်ငွေ့ပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားရာ အိန္ဒိယတပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။**

■ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့မြောက်ဘက် မိုင် ၁၇၀ ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ ၂ ရက် ညက ကျားတစ်ကောင် ဝင်ရောက်သောင်းကျန်းမှုကြောင့် ရွာသားတစ်ဦး သေဆုံးခဲ့သည်။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၃-၂-၂၀၀၈

စင်ကာပူနှင့်မလေးရှား လေကြောင်းခရီးစတင်ပျံသန်း

စင်ကာပူနှင့် မလေးရှား နှစ်နိုင်ငံတို့၏ ခရီးသည်တင်လေကြောင်း ပျံသန်းမှုကို ဖေဖော်ဝါရီ ၂ ရက်က စတင်လိုက်ပြီဖြစ်ကြောင်း စင်ကာပူအရာရှိများက ပြောကြားသည်။

အဆိုပါ လေကြောင်းလိုင်းသည် စင်ကာပူနိုင်ငံမှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ တစ်နေ့လျှင်နှစ်ကြိမ် ပျံသန်းမည်ဖြစ်သည်။ ယခု လေကြောင်းခရီးစဉ်ကို စင်ကာပူအခြေစိုက် တိုက်ဂါးလေကြောင်းနှင့် ဂျက်စတား အာရှလေကြောင်းတို့က ပူးတွဲအကောင်အထည်ဖော်ကြခြင်း ဖြစ်သည်။

ဒူဘိုင်း အိမ်ရှေ့မင်းသား ရှိတ်ဟမ်ဒန်အားခန့်အပ်

ဒူဘိုင်းစော်ဘွား ရှိတ်မိုဟာမက်ဘင်ရာရှိတ် အယ်မာခတွန်သည် အိမ်ရှေ့မင်းသားအဖြစ် သူ၏သားတစ်ဦးဖြစ်သူ ဟမ်ဒန်အား ရွေးချယ်လိုက်သည်။

အသက် ၂၅ နှစ်အရွယ်ရှိ ရှိတ်ဟမ်ဒန်သည် ဒူဘိုင်းအုပ်ချုပ်မှုကောင်စီ၏ အကြီးအကဲဖြစ်လာသည်။

ကမ္ဘောဒီးယား၌ မိုင်းရှင်းလင်းရေး ဂျာမနီငွေကြေးထောက်ပံ့

ကမ္ဘောဒီးယားနိုင်ငံတွင် မြေမြှုပ်မိုင်းများ ရှင်းလင်းရေးအတွက် ဂျာမနီက အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈၉ သန်းကို လှူဒါန်းမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ မိန်ချေးနှင့် စိန်ရစ် ပြည်နယ်များတွင် ယခုနှစ်အတွင်း မိုင်းများ အပြီးသတ်ရှင်းသွားရာတွင် အဆိုပါငွေများကို အသုံးပြုသွားမည်ဖြစ်သည်။

မြောက်အတ္တလန္တိတ်သို့ ရုရှားဗုံးကြဲလေယာဉ်များ ထပ်မံစေလွှတ်

မြောက်အတ္တလန္တိတ်သမုဒ္ဒရာတွင် စစ်ရေးလေ့ကျင့်နေသော ရုရှားတပ်ဖွဲ့ဝင်များအတွက် အင်အားဖြည့်ရန် ရုရှားက ဗုံးကြဲတိုက်လေယာဉ် ၁၂ စင်းကို ထပ်မံစေလွှတ်လိုက်သည်။

ရုရှားရေတပ်စစ်ရေးလေ့ကျင့်မှုတွင် တိုက်ခိုက်ရေး ဗုံးကြဲလေယာဉ်များပါ အားဖြည့်ပါဝင်ဆင်နွှဲခြင်းဖြစ်ကြောင်း ရုရှားစစ်ဘက်အရာရှိများက ပြောကြားသည်။

ဂါဇာနှင့်အီဂျစ်နယ်စပ် ဆက်လက်ပိတ်ထားမည်

ဂါဇာကမ်းမြောင်ဒေသနှင့် အီဂျစ်နိုင်ငံအကြား နယ်စပ်ကို လုံခြုံရေးအရ ပိတ်ထားဆဲဖြစ်ကြောင်း အီဂျစ်တာဝန်ရှိသူများက ပြောကြားသည်။

ပါလက်စတိုင်းရှိ ဂါဇာကမ်းမြောင်ဒေသမှ နယ်စပ်ကိုဖြတ်ကျော်လာသူများပြားလာသည့်အတွက် တားဆီးသည့်အနေဖြင့် ပိတ်ထားခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပါလက်စတိုင်းအရာရှိတစ်ဦးအား အစ္စရေးတို့ ပြန်လွှတ်ပေး

ဂါဇာကမ်းမြောင်ဒေသတွင် မကြာမီက ဖမ်းဆီးခဲ့သော ပါလက်စတိုင်းဝန်ကြီးချုပ်၏ အကြံပေးပုဂ္ဂိုလ် အိုမာအယ်ဂိုလ်အား အစ္စရေးတို့က ပြန်လွှတ်ပေးလိုက်ပြီဖြစ်သည်။

အိုမာအယ်ဂိုလ်အား ပြီးခဲ့သည့် ဇွန်လက အစ္စရေးတပ်ဖွဲ့ ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ယခုပြန်လွှတ်ပေးခြင်း ဖြစ်သည်။

အာဖရိကသမဂ္ဂ(အေယူ)အစည်းအဝေးကျင်းပ

အာဖရိကသမဂ္ဂ(အေယူ)၏ (၁၀)ကြိမ်မြောက် အစည်းအဝေးကို အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့၌ ကျင်းပလျက်ရှိရာ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ကြရန် သဘောတူလိုက်သည်။

အေယူအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေး ဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြပြီး အာဖရိကနိုင်ငံများ၏ စီးပွားရေး တိုးတက် ဖြစ်ထွန်းစေရန် ယခုထက် ပိုမိုလုပ်ဆောင်ရမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

ဆီးနှင်းဒဏ်ခံစားနေရသည့် တရုတ်နိုင်ငံသားများအား ပြည်ပမှကူညီမည်

တရုတ်နိုင်ငံရှိ ဆီးနှင်းများဆိုးရွားစွာ ကျဆင်းမှုဒဏ်ခံနေရသော ဒေသခံပြည်သူများအား ကူညီထောက်ပံ့ရန် ပြည်ပမှ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၈ သန်း လက်ခံရရှိဖွယ်ရှိကြောင်း ပြည်ပရောက် တရုတ်နိုင်ငံသားများဆိုင်ရာ အဖွဲ့ရုံးက သတင်းထုတ်ပြန်သည်။

ပြည်ပနိုင်ငံအချို့ကလည်း အကူအညီပေးလိုသော အကြောင်းကြားစာများ လက်ခံရရှိထားကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ဘဝဒဿနအမြင်

* ***Your very silence shows you agree.***
ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပင်။

ယူရီပီဒက်စ်(ဂရိပြဇာတ်ရေးဆရာ)

* ***Necessity, who is the mother of invention.***
တီထွင်မှုဟူသည် လိုအပ်ချက်မှ ပေါက်ဖွားလာသည်။

ပလေတို(ဂရိအတွေးအခေါ်ပညာရှင်)

နိုင်ငံခြားသတင်း ဘာသာပြန်ဆိုရာတွင်....

အမ်အမ်အေ

အမေရိကန်တပ်များက အီရတ်နှင့်အာဖဂန်နစ္စတန်နိုင်ငံများတွင် နှစ်၊ လရှည်ကြာစွာ သိမ်းပိုက်တပ်စွဲထားရာမှ ဒေသခံများ၏ ခုခံတုံ့ပြန်မှုနှင့် ရင်ဆိုင်နေရစဉ် မိမိ၏ ကြည်းတပ်အတွင်း မိမိကိုယ်ကိုအဆုံးစီရင်မှုများ တိုးပွားနေပုံ သတင်းတစ်ပုဒ်ကို ဘာသာပြန်ဆိုဖော်ပြလိုပါသည်။ ခေါင်းစဉ်နှင့် ပထမစာပိုဒ်မှာ အောက်ပါအတိုင်းဖြစ်သည်–

Figures suggest new increase in US Army suicides

Washington, 2 Feb-

As many as 121 US soldiers may have committed suicide in 2007, a record number if confirmed, according to Army statistics released on Thursday.

ခေါင်းစဉ်ကို အမေရိကန်ကြည်းတပ်အတွင်း မိမိကိုယ်ကို အဆုံးစီရင်သူ အရေအတွက်တိုးမြှင့်ဟု ပြန်ဆိုနိုင်ပါသည်။

ပထမစာပိုဒ်ပြန်ဆိုချက်။ ။ကြာသပတေးနေ့က ထုတ်ပြန်သည့် ကြည်းတပ်၏ ကိန်းဂဏန်းများအရ အတည်ပြုပြီးပါက ၂၀၀၇ ခုနှစ်အတွင်း စံချိန်တင်ရမည့် အရေအတွက်ဖြစ်သည့် အမေရိကန်စစ်သား ၁၂၁ ဦးတို့ မိမိကိုယ်ကို အဆုံးစီရင်ခဲ့သည်ဟု ဆိုသည်။

The Army reported 89 suicides and 32 suspected cases among active-duty soldiers in 2007. If the 32 cases are confirmed, the 121 suicides would be a nearly 20-per-cent increase over 2006, when 102 soldiers committed suicide.

ဒုတိယစာပိုဒ်ပြန်ဆိုချက်။ ။ဝါရှင်တန်မှလာသည့် ရိုက်တာသတင်းတွင် ယမန်နှစ်အတွင်း တာဝန်ထမ်းဆောင်စဉ် မိမိကိုယ်ကို အဆုံးစီရင်သူ ၈၉ ဦးနှင့် အဆုံးစီရင်သည်ဟု မသင်္ကာဖွယ် ၃၂ ဦးရှိခဲ့သည်ဟု ကြည်းတပ်က ဖော်ပြသည်။ ၃၂ ဦးသည်လည်း အဆုံးစီရင်ခြင်းဖြစ်ပါက စုစုပေါင်း ၁၂၁ ဦး ရှိမည်ဖြစ်ကြောင်း၊ ယင်းဦးရေမှာ အဆုံးစီရင်သူအရေအတွက် အများဆုံးနှစ်ဖြစ်သည့် ၂၀၀၆ ခုနှစ်က ၁၀၂ ဦးနှင့်နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခြင်းဖြစ်ပါမည်။

Army officials said relationship problems were the main cause of suicides among soldiers,but those problems were increasing due to repeated long deployments as the force is strained by the wars in Iraq and Afghanistan."I think that it is a marker of the stress on the force,"Army psychiatrist Colonel Elspeth Ritchie said.

MNA/ Reuters.

တတိယစာပိုဒ်ပြန်ဆိုချက်။ ။ယခုကဲ့သို့ မြင့်တက်လာရခြင်းမှာ အဓိကအားဖြင့် စစ်သားများအတွင်း ဆက်ဆံရေးပြဿနာများကြောင့်ဖြစ်ကြောင်း၊ သို့သော်လည်း အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် နှစ်ရှည်လများ ထပ်ခါတလဲလဲ တာဝန်ချခြင်းကြောင့် ဆက်ဆံရေးများတင်းမာကာ ပြဿနာမှာ ကြီးထွားလာနေသည်ဟု ကြည်းတပ်အရာရှိများက ပြောဆိုသည်။ ဤသည်မှာ ကြည်းတပ်အတွင်း စိတ်ဖိစီးမှုရှိနေသည်ကို ပြဆိုခြင်းဖြစ်ကြောင်း စိတ်ရောဂါအထူးကု ဗိုလ်မှူးကြီးရစ်ချီက ပြောကြားသည်။

သုံးသပ်ချက်

ဤသတင်း၏ခေါင်းစဉ်ကိုအတိအကျပြန်ဆိုရလျှင် အမေရိကန် ကြည်းတပ်အတွင်း မိမိကိုယ်ကို အဆုံးစီရင်သူများတစ်ဆင့်တိုးလာကြောင်း ကိန်းဂဏန်းများက ညွှန်းဆိုလျက်ရှိဟု ပြန်ဆိုရပါမည်။ ခေါင်းစဉ်တွင် **Suggest** ၏ အနက်သာရကို ထည့်သွင်းစဉ်းစားရပါမည်။ ကာယကံရှင် အမေရိကန်ကြည်းတပ်၏အာဘော်မဟုတ်ဘဲ အယ်ဒီတာ၏ကောက်ချက်ဖြစ်သည်။ **(a record number if confirmed)** ဟူသည့် အသုံးသည်လည်း မသင်္ကာဖွယ် ၃၂ ဦးသည်လည်း အဆုံးစီရင်ခြင်းဖြစ်ကြောင်း အတည်ပြုချက်ရပါက ၂၀၀၇ ခုနှစ်သည် စံချိန်တင်သည့် နှစ်ဖြစ်မည်ဟု မိမိစကားကောက်ချက် မလွန်စေရန် သုံးနှုန်းထားခြင်းဖြစ်ပါကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ ။

[မှတ်ချက်။ ။ဆရာအမ်အမ်အေ၏ ဆောင်းပါးကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ဖော်ပြသွားရန် စီစဉ်ထားပါသည်။]

မြန်မာ့အလင်းစာတည်းအဖွဲ့

ယခင် အလက (၃) သာကေတ (၈) ရပ်ကွက် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ယခင် အလက(၃) သာကေတ (၈)ရပ်ကွက်၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ၁၃၆၉ခုနှစ် တပို့တွဲလဆန်း၄ရက်၊ ဖေဖော်ဝါရီ ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် သာကေတ ရွှေပုဇွန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးသိန်းဝင်း (ရွှေသပြေကုမ္ပဏီ) ဖုန်း-၀၉-၅၁-၀၃၈၉၅၊ ဦးအုန်းသွင်(နဝရတ်နည်းပြ) ဖုန်း-၅၄၇၂၇၁၊ ဦးမျိုးဝင်း ဖုန်း-၅၄၇၄၉၉ နှင့် ဒေါ်တင်တင်အေး(မြခွာညိုအိမ်ရာ) ဖုန်း-၅၄၇၀၇၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မေတ္တာ-ထားဝယ် ကားလမ်း အမာခံကျောက်ချောလမ်း ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထားဝယ်ခရိုင် မေတ္တာမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၃

တနင်္သာရီတိုင်း ထားဝယ်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၃၁ရက် နံနက် ၉နာရီခွဲတွင် ထားဝယ်ခရိုင် မေတ္တာမြို့၌ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကြပြီး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြား၍ မေတ္တာမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ တိုက်နယ်ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများနှင့် ဆရာ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအတွက် တူညီဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူတို့က မေတ္တာ တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မေတ္တာမြို့ အနီးရှိ တနင်္သာရီမြစ်ဖျားအစ ဘန်းချောင်းနှင့် ခမောင်းသွယ်ချောင်း ချောင်းဆုံနေရာသို့ လည်းကောင်း၊ မေတ္တာမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုအခြေအနေနှင့် စာဖတ်ခန်း၊ ကွန်ပျူတာခန်းတို့ကိုလည်းကောင်း၊ မေတ္တာမြို့ (၁၆) ခုတင်ဆံ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါမေတ္တာမြို့ (၁၆)ခုတင်ဆံ့ ဆေးရုံမှာ အလျားပေ၁၂၀၊ အနံ ၁၀၄ ပေနှင့် အမြင့် ၁၃ပေရှိပြီး ယခုအခါ ၈၀ ဒသမ ၇ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

တိုက်နယ်ဆေးရုံ

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် မေတ္တာမြို့ တိုက်နယ်ဆေးရုံတွင် ဆေးရုံတက်ရောက် ကုသမှုခံယူနေကြသော လူနာများအတွက် ထောက်ပံ့ငွေများကိုပေးအပ်ပြီး သားဖွားခန်းနှင့် ဆေးစတိုခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် မေတ္တာမြို့ တပ်ဦးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ မေတ္တာမြို့ရဲစခန်းကို ကြည့်ရှုစစ်ဆေးကာ နယ်မြေအေးချမ်းသာယာရေး၊ ရပ်ရွာ အေးချမ်းသာယာရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မေတ္တာ-ထားဝယ် ကားလမ်း မိုင်တိုင်အမှတ် ၃၀/၁ နှင့် ၃၀/၂ ၌ အမာခံကျောက်ချောလမ်းကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရွှေတိဂုံပုံတူစေတီတော်အား သွားရောက်ဖူးမြော်ကာ ဂေါပကအဖွဲ့ထံ အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဟိန္ဒူဘုရားသတ္တုတွင်း၌ လာရောက် လုပ်ကိုင်နေသော Myanmar Pongipat Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Kriangkrai Chavaltanpipat နှင့် အဖွဲ့ဝင်များက ရွှေတိဂုံပုံတူစေတီတော်၌ ဌာပနာရန် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ဗိုလ်ချုပ်သာအေးထံ ပေးအပ်လှူဒါန်းသည်။

ထောက်ပံ့ပေးအပ်

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် မေတ္တာမြို့ တောင်သုံးလုံးကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး တောင်သုံးလုံး အခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက်ကာ ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

တည်ဆောက်ရေး

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် ထားဝယ်မြို့နယ် ရမ္မဇူကျေးရွာအနီး မေတ္တာ-တောင်သုံးလုံး-ထားဝယ် ကားလမ်းပိုင်း၌ ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းပေါက်ဖာနေမှုကို ကြည့်ရှုစစ်ဆေးပြီး ထားဝယ်မြို့နယ် ပကာရီကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနကို လည်းကောင်း၊ ထားဝယ်တက္ကသိုလ်တည်ဆောက်ရေး စီမံကိန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ထားဝယ်တက္ကသိုလ် ပင်မဆောင်သည် အလျား ၅၀၇ ပေ၊ အနံ ၃၀၇ပေရှိ သံကူကွန်ကရစ်အဆောက်အအုံဖြစ်ပြီး တည်ဆောက်မှုတစ်ခုလုံးမှာ ၉၀ ဒသမ ၄ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

တက်ရောက်

ညပိုင်းတွင် ဗိုလ်ချုပ်သာအေးသည် ထားဝယ်တပ်နယ်ရိပ်သာ၌ကျင်းပသည့် တနင်္သာရီတိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ပရီမီယာလိဂ်ပွဲစဉ် (၂၅) ဆက်လက်ယှဉ်ပြိုင် နယူးကာဆယ်နှင့် မစ်ဒယ်ဘရော့တို့ တစ်မှတ်စီခွဲယူ

ပရီမီယာလိဂ်ပွဲစဉ် (၂၅) လက်ကျန်ပွဲကို ဖေဖော်ဝါရီ ၃ရက်၌ ဆက်လက်ကစားရာ နယူးကာဆယ်နှင့် မစ်ဒယ်ဘရော့တို့ပွဲတွင် ကံကောင်းစွာဖြင့် မစ်ဒယ်ဘရော့တို့ သရေပွဲရအောင် ကစားနိုင်ခဲ့သည်။

စမစ်နှင့် မိုက်ကယ်အိုဝင်တို့ တိုက်စစ်အတွဲက ရီချင်ဘတ်ဦးဆောင်သော မစ်ဒယ်ဘရော့ တိုက်စစ်မှူးများလောက် ထိုးဖောက်ဂိုးသွင်းခွင့်မရခဲ့သော်လည်း မိနစ်၆၀တွင် မိုက်ကယ်အိုဝင်က နယူးကာဆယ်အတွက် အဖွင့်ဂိုး သွင်းပေးနိုင်ခဲ့သည်။

သရေပွဲ

မစ်ဒယ်ဘရော့ တိုက်စစ်မှူးများက ချေပဂိုးရရှိရေး အခွင့်အရေးကောင်းများ ရရှိခဲ့သော်လည်း ဂိုးမသွင်းနိုင်ဘဲဖြစ်နေရာ ၈၇မိနစ်ရောက်မှသာ နောက်ခံလူ ရောဘတ်ဟုဒ်က ချေပဂိုးသွင်းယူနိုင်ခဲ့သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။

စပိန်လာလီဂါပွဲစဉ် (၂၂) အယ်မီးရီးရားကို ရီးရဲတို့ နှစ်ဂိုးပြတ်ရှုံးနိမ့်

စပိန်လာလီဂါပွဲစဉ်(၂၂)ကို ဖေဖော်ဝါရီ၂ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အယ်မီးရီးရားတို့က အိမ်ကွင်း၌ တန်းစီဇယားထိပ်ဆုံးမှ ရီးရဲမက်ဒရစ်ကို နှစ်ဂိုးပြတ်သွင်းပြီး သင်ခန်းစာပေးနိုင်ခဲ့သည်။

ဦးဆောင်နေဆဲ

နစ္စတယ်ရွိုင်း၊ ရာအူးလ်နှင့် ရော်ဘင်ဟိုတို့ တိုက်စစ်အတွဲကို အင်အားပြည့် ထုတ်သုံးခဲ့သော်လည်း ရီးရဲမက်ဒရစ်တို့ တစ်ဂိုးမျှ မသွင်းယူနိုင်ခဲ့ချေ။ အယ်မီးရီးရားတို့က အိမ်ကွင်း၌ ရသည့်အခွင့်အရေးကို အပြည့်အသုံးချနိုင်ခဲ့သဖြင့် ၁၆မိနစ်၌ ဂျူရာနီတိုက တစ်ဂိုးနှင့် ၄၇မိနစ်၌ တိုက်စစ်မှူး ဆန်ချက်ဇ်က ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ လာလီဂါ၌ ရီးရဲမက်ဒရစ်တို့ ၂၂ပွဲကစားပြီးချိန်၌ ဒုတိယနေရာမှ ဘာစီလိုနာထက် တစ်ပွဲအသာအနေအထားဖြင့် ကိုးမှတ်ကွာကာ တန်းစီဇယားကို ဆက်လက်ဦးဆောင်နေဆဲဖြစ်သည်။

အာဖရိကတိုက် ကွန်ဂိုနှင့် ရဝမ်ဒါ၌ အင်အားပြင်းငလျင်လှုပ်၊ လူ ၃၀ သေဆုံး

အာဖရိကတိုက် ဂရိတ်လိတ်ဒေသ၌ ဖေဖော်ဝါရီ၃ရက်က အင်အားပြင်းငလျင် နှစ်ကြိမ်လှုပ်ခဲ့ရာ အနည်းဆုံး လူ၃၀သေဆုံးပြီး ၃၀၀ကျော် ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ငလျင်များလှုပ်

အဆိုပါ အင်အားပြင်းငလျင်နှစ်ခုသည် ကွန်ဂိုနိုင်ငံနှင့် အိမ်နီးချင်း ရဝမ်ဒါနိုင်ငံတို့၌ အင်အား ရစ်ချ်စတာစကေး ၆ဒသမ၀ နှင့် ၅ဒသမ၀ အသီးသီးရှိ ငလျင်များလှုပ်ခဲ့သည်။ (အောက်ပုံ)

ပထမဆုံးငလျင်မှာ ကွန်ဂိုနိုင်ငံအရှေ့ပိုင်း ဘူကာဘူမြို့အနီး၌ ဒေသစံတော်ချိန် နံနက်၉နာရီ ၃၅မိနစ်တွင် လှုပ်ခဲ့ပြီး ဒုတိယငလျင်မှာ ပထမငလျင်လှုပ်အပြီး သုံးနာရီခွဲအကြာတွင် ရဝမ်ဒါ၌ လှုပ်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၂၇ရက်က ဗဟန်းမြို့နယ် ဆရာစံတောင် (စံပြ)ရပ်ကွက်၌ ငါးနှစ်အောက်ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေးထိုးခြင်း ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါ်အေးအေးမြင့်နှင့် အမှုဆောင်များ ကြည့်ရှုအားပေးစဉ်။ (က-ပ)

အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ)၏ ဖေဖော်ဝါရီလ ဓမ္မခရီးစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရွှေပြည်သာမြို့နယ် မန္တလေးကျောင်းတိုက်ဆရာတော် အရှင်ဇဝန (မေတ္တာရှင်- ရွှေပြည်သာ)ဆရာတော်သည် ၃ရက်မှ၅ရက်အထိ ဘိုကလေးမြို့၊ ၆ရက်မှ ၉ရက်အထိ ဘေးပေါက်၊ ၁၁ရက်တွင် မြောက်ဥက္ကလာနှင့် သဃ်န်းကျွန်း၊ ၁၂ရက်တွင် မြောက်ဥက္ကလာနှင့် တောင်ဥက္ကလာပ၊ ၁၃ရက်တွင် သုံးခွ၊ ၁၄ရက်တွင် ရွှေပြည်သာနှင့် လှိုင်မြို့နယ်၊ ၁၅ရက်တွင် မြောက်ဒဂုံနှင့် ကျောက်မြောင်း၊ ၁၆ရက်တွင် မြောက်ဒဂုံနှင့် သာကေတ၊ ၁၇ရက်တွင် လှိုင်နှင့် ဆရာစံ၊ ၁၈ရက်တွင် သုံးဆယ်၊ ၁၉ရက်မှ ၂၁ရက်အထိ ဒေါပုံမြို့နယ်နှင့် ရွှေပြည်သာ၊ ၂၂ရက်မှ ၂၃ရက်အထိ သံဖြူဇရပ်တို့တွင် နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်သည်ဟု သိရသည်။ **(က-ပ)**

မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဇီးပင်ဝဲကျေးရွာ ဇီးပင်ဝဲအနောက် ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းတွင် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ကောဝိဒ (သဒ္ဓမ္မဇောတိကဓဇ မြို့နယ် သံဃနာယကအကျိုးတော်ဆောင် မြို့နယ်ဘ/က ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ)ဦးစီးလျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယဘုရားပွဲနှင့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို (၁၈)ကြိမ်မြောက်ကျင်းပ၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအောင်မြင်ကြသော ကျောင်းသားကျောင်းသူများအား အောင်လက်မှတ်နှင့် ဆုပေးပွဲကို (၁၃၆၉ခုနှစ် တပို့တွဲလဆန်း ၅ရက်) ဖေဖော်ဝါရီ၁၁ရက်တွင် ကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့ ဖုန်း-၀၁-၆၂၉၄၇၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တာမွေမြို့နယ် အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်ချက်ကို ဖေဖော်ဝါရီ၁ရက်က တာမွေလေးရပ်ကွက်၌ ကျင်းပရာ ရန်ကုန်တိုင်း (ရပကန) အဖွဲ့ခေါင်းဆောင် ဒေါက်တာဇော်လင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်မိမိတင်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ရပ်ကွက်လူမှုရေးအဖွဲ့အစည်းများက ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၇၁)

ပျော်ဘွယ်အရှင်ဝိသုဒ္ဓရဲ့သီ လူငယ်ယဉ်ကျေးအလိမ္မာတရားပွဲကျင်းပ

ရန်ကုန်   ဖေဖော်ဝါရီ   ၃

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသီဂီပျော်ဘွယ်ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်း ဓမ္မသီဂီပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ပျော်ဘွယ်အရှင်ဝိသုဒ္ဓရဲ့သီသည် ဇန်နဝါရီ ၂၁ရက်နှင့် ၂၂ရက် မွန်းလွဲ၂နာရီတွင် ဧရာဝတီတိုင်း အမာမြို့ ကဒုံကနိကျေးရွာ အထက၊ အမကကျောင်းများမှ ကျောင်းသားကျောင်းသူ ၁၂၀၀ကျော်တို့အား လူငယ်ယဉ်ကျေးအလိမ္မာတရားများဟောကြားပြီး **(အပေါ်ပုံ)** ဇန်နဝါရီ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက် ည ၈ နာရီတွင် တရားပွဲများ ဟောကြားခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဆေးတက္ကသိုလ်(၁) ဘွဲ့ရ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန်   ဖေဖော်ဝါရီ   ၃

၁၉၆၃ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်ပြီး ဆေးတက္ကသိုလ်(၁)မှ ဆေးပညာဘွဲ့ရခဲ့ကြသော ကျောင်းသားကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီက ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေါက်တာခင်စောလှက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ကျောင်းသားဟောင်းတစ်ဦးဖြစ်သော ကိုကြည်မောင်က ကန်တော့ချီးတိုင်ကြားကာ ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြပြီး ဆရာကြီး ဆရာမကြီးများအား ကန်တော့ပစ္စည်းလက်ဆောင်များ ပေးအပ်ကြသည်။ **(ဝဲပုံ)** ဆက်လက်၍ ပါမောက္ခများဖြစ်ကြသော ဦးလှမြင့်၊ ဒေါ်ခင်သန်းနု၊ ဦးခင်မောင်ဝင်း၊ ဦးကိုဝင်း၊ ဦးသိန်းအုပ်ကျော်မြင့်တို့က ဆုံးမဩဝါဒစကားများ ပြောကြားကြသည်။ **(မြန်မာ့အလင်း)**

✻ ကျောဖုံးမှ

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးကိုကြီးက ပဲနှမ်းထွက်ရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရည်မှန်းဆောင်ရွက်

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းသည် လာမည့်သက်တမ်းကာလအတွင်း ရှေ့လုပ်ငန်းစဉ်များအဖြစ် ကျန်ရှိနေသေးသော ပြည်နယ်နှင့် တိုင်းအလိုက် အသင်းခွဲများ ဖွဲ့စည်းရန်၊ ပဲမျိုးစုံ ထုတ်ကုန်အရေအတွက်သာမက အရည်အသွေးပါ တိုးတက်ထုတ်လုပ်ရန်၊ ပဲမျိုးစုံနှင့် နှမ်းစိုက်ပျိုးရေး အထူးပြုဖုန်များပေါ်ထွက်လာရေးအတွက် အသင်းမှ ပံ့ပိုးကူညီရန်၊ လက်ရှိရရှိပြီးသော ဈေးကွက်များအပြင် ဈေးကွက်သစ်များသို့ ကြိုးစားတိုးချဲ့တင်ပို့ရန်၊ ယခုလက်ရှိ ကမ္ဘာ့ဒုတိယအများဆုံး ပဲတင်ပို့သည့်နိုင်ငံအဖြစ်မှ ပထမ အများဆုံးတင်ပို့သည့်နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ရေးအတွက် လက်ရှိစိုက်ပျိုးလျက်ရှိသော ပဲမျိုးစုံနှင့် နှမ်းများနေရာတွင် ဒေသနှင့်လျော်ညီသည့် မျိုးကောင်းမျိုးသန့် ပဲများကို အစားထိုးစိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် ကမ္ဘာအေးစေတီလမ်း အမှတ် ၈ ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ မမြတ်မြတ်မိုး မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစိန်ဦးနှင့် ဦးမြသိန်းတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၆)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၃

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၆)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ 'စက်ဘီးပြန်နင်းကြပါစို့' အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ မြဝတီရုပ်သံလိုင်းသစ်များ ဒစ်ဂျစ်တယ်စနစ်ဖြင့် စတင်ထုတ်လွှင့်ပြီ၊ ဓာတ်ဆီအစားသုံးနိုင်သော ဘိုင်အိုအီသနောစက်ရုံ လားရှိုးတွင် အောင်မြင်စွာလည်ပတ်၊ အချက်အလက် အထောက်အထားပြည့်စုံလျှင် ဂျပန်ဗီဇာရဖို့မခက်၊ ၀ှစ်ရှ်နှင့် အက်စတီမာများကို ကားကြိုက်သူများ ရင်မခုန်နိုင်သေး၊ မြန်မာနိုင်ငံတွင် ရေနံစိမ်းစည်ပေါင်း သန်း ၃၀၀၀ ကျော် ခန့်ထုတ်ယူနိုင်သေး၊ ကိုရီးယားသွားရန် ပတ်စ်ပို့နှင့် ဗီဇာလျှောက်ထားရာတွင် လိမ်လည်မှုတွေ့ရှိက အရေးယူမည်၊ ရန်ကုန်မြို့တော်တွင် လူသတ်မှုကြောင့် သေဆုံးသူထက် ယာဉ်တိုက်မှုဖြင့်သေဆုံးသူက ပိုများ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ အလုပ်နှင့် ပညာရေးလမ်းညွှန် 'စင်ကာပူမှာ ပညာသင် ဒါတွေသိစေချင်'နှင့် 'မိတ်ကောင်းဆွေကောင်းနှင့် လက်ဖက်ရည်ဆိုင်ထိုင်ခြင်း'၊ 'တာဝန်ဝတ္တရားနှင့်လူ'ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ကဏ္ဍစုံလင်စွာ

'အရုပ်သားတွေပဲ ထိခိုက်ခံစားရပါလိမ့်မယ်' ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းသူ ဂျွန်ဟန်ဆန်ဘယ်ယားနှင့် တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ အမေရိကန် စီးပွားရေးကျဆင်းမှု စိုးရိမ်ဖွယ်ဖြစ်သည်ဟု အိုင်အမ်အက်ဖ် အကြီးအကဲခန့်မှန်း၊ နိုင်ငံရေးခိုလှုံခွင့် ကောလာဟလများ ထိုင်းအာဏာသိမ်းခေါင်းဆောင်ပယ်ချ၊ တေးဂီတကုထုံးက စိတ်ဝေဒနာရှင်များအတွက် မျှော်လင့်ချက်ဖြစ်စေနိုင်၊ ရုပ်မချောသော်လည်း လင်ယူများတဲ့ ပျိုကညာ၊ ကမ္ဘာလှည့်ခရီးသွားများကို အလှပြုပြင်ပေးခြင်းဖြင့် ကိုရီးယားက ဆွဲဆောင်စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ်၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၆၉ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ရန်ကင်းပညာရေးကောလိပ်ခန်းမ၌ ဖေဖော်ဝါရီ ၂ ရက်ကကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ(တင်အောင်ရွှေ-သုတေသီ)၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှု)နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်တို့က အမှာစကားပြောကြားကြသည်။

ဟောပြော

ယင်းနောက် ၁၃၆၉ ခုနှစ် စာဆိုတော်နေ့သို့ ပေးပို့သည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်ထယ် (ထီလာစိုးမြင့်ထယ်)က ဖတ်ကြားတင်ပြသည်။ ယင်းနောက် စာရေးဆရာ နွမ်ဂျာသိုင်း၊ စာရေးဆရာ ဒါရိုက်တာ အကယ်ဒမီကြည်စိုးထွန်းနှင့် အကယ်ဒမီ ဆွေဇင်ထိုက်တို့က စာပေရေးရာများ ဟောပြောကြသည်။

ချီးမြှင့်

အခမ်းအနား၌ ၂၀၀၆ခုနှစ်အတွက် အမျိုးသားစာပေ (နိုင်ငံရေးစာပေ)ဆုရ ရန်ကင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက ဗိုလ်မှူးကြီးစောမြင့်(မှူးသမိန်)နှင့် ထွန်းဖောင်ဒေးရှင်း(၂၀၀၇) စာပေဆုရ အတ္ထုပ္ပတ္တိဘာသာရပ်(စာမူဆု)ရ ဦးလှတိုး(တိုးတက်)တို့အား ရန်ကင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး ခြေစမ်းဘောလုံးပွဲ ဘဏ္ဍာ/အခွန်နှင့် အူလ်ဆန်တက္ကသိုလ် တစ်ဂိုးစီသရေကျ

သတင်းမြင်ကွင်း – ကိုထွေး ❒ ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံမှ အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းမှ ဘဏ္ဍာ/အခွန်ဘောလုံးအသင်းတို့၏ ခြေစမ်းဘောလုံးပွဲကို ယနေ့ညနေ ၃ နာခွဲက ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

ဦးဆောင်ဂိုး

၂၀၀၇ ခုနှစ်အတွင်းက ဘဏ္ဍာ/အခွန်အသင်းနှင့် အူလ်ဆန်တက္ကသိုလ်အသင်းတို့ ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေပွဲနှင့် အဆုံးသတ်ခဲ့ရသကဲ့သို့ ယနေ့ပွဲစဉ်၌လည်း တစ်ဂိုးစီသရေဖြင့် ပြီးဆုံးခဲ့ရသည်။ အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် အူလ်ဆန်တက္ကသိုလ်အသင်းကို ဦးဆောင်ဂိုးသွင်းယူခဲ့ပြီးမှ မမျှော်လင့်ဘဲ ချေပဂိုးပြန်ပေးခဲ့ရသည်။

တင်ကစား

ဘဏ္ဍာ/အခွန်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီး ၁၀ မိနစ်အကြာတွင် အလယ်တန်းလူ ထွန်းထွန်းဝင်းက အူလ်ဆန်တက္ကသိုလ်အသင်း၏ ဂိုးဧရိယာနှင့် ၂၅ ကိုက်ခန့်အကွာမှ အမှတ်မထင် ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ အူလ်ဆန်တက္ကသိုလ်အသင်းသည် ပထမပွဲစဉ်၌ စီးပွား/ကူးသန်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့၍ ဒုတိယပွဲစဉ်၌ အရန်လူများကို ပွဲထုတ်ကစားရာ ကမ္ဘောဇအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ အူလ်ဆန်အသင်းသည် ယနေ့ပွဲစဉ်၌ အမာခံကစားသမားများကို ပွဲထုတ်ပြီး အနိုင်ရရှိရေးအတွက် ပွဲအစအဆုံး တင်ကစားသွားသည်။

နားလည်မှုလွဲ

အူလ်ဆန်တက္ကသိုလ်အသင်းရရှိသောဂိုးမှာ ဘဏ္ဍာ/အခွန်အသင်း နောက်တန်းလူ သူရအောင်နှင့် ဂိုးသမား အောင်အောင်ဦးတို့ နားလည်မှုလွဲ၍ ရရှိခဲ့ခြင်းဖြစ်သည်။ မိနစ် ၆၀ တွင် ဘဏ္ဍာ/အခွန်အသင်း နောက်တန်းလူ သူရအောင်က ဂိုးသမားထံ ပြန်ပေးရာ အောင်အောင်ဦး ရှေ့ထွက်နေသဖြင့် ကိုယ့်ဂိုးကိုယ်သွင်းမိသွားခြင်းဖြစ်သည်။ အူလ်ဆန်တက္ကသိုလ်အသင်းသည် ပွဲပြီးခါနီး၌ အနိုင်ဂိုး ရရှိရေးအတွက် အင်အားသုံး၍ ကစားလာရာ ခြေစမ်းပွဲ အသွင်မှ ပြိုင်ပွဲအသွင်ဖြစ်ခဲ့ရသည်။ ဘဏ္ဍာ/အခွန်အသင်း ဂိုးသမား အောင်အောင်ဦး လက်စွမ်းပြကာကွယ်နိုင်မှုနှင့် တစ်သင်းလုံးဆင်း၊ တစ်သင်းလုံးတက် ကစားမှုကြောင့် အူလ်ဆန်တက္ကသိုလ်အသင်း အနိုင်ဂိုးမရဘဲ သရေနှင့် ပွဲသိမ်းခဲ့ရသည်။

ပါဝင်ကစား

ဘဏ္ဍာ/အခွန်အသင်းတွင် **(ဂိုး)** အောင်အောင်ဦး၊ **(နောက်တန်း)** သူရအောင်၊ စိုးလင်းထွန်း၊ မိုးကျော်သူ၊ အောင်ကျော်မြင့်၊ **(အလယ်တန်း)** လွင်ဦး (မြင့်နိုင်)၊ ခင်မောင်ထွန်း၊ ထွန်းထွန်းဝင်း (အောင်ထွန်းလင်း)၊ ကျော်ကျော်ခိုင်(စိုးမြတ်မင်း)၊ **(ရှေ့တန်း)** ရန်ပိုင်(ပိုင်စိုး)နှင့် ကျော်သူရတို့ ပါဝင်ကစားခဲ့ကြသည်။

တွေ့ဆုံမေးမြန်း

ပွဲအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ ရှေးဦးစွာ အုပ်ချုပ်သူ ဦးသန့်ဇင်ဝင်းအား မေးမြန်းရာ **"ယမန်နှစ်က အူလ်ဆန်တက္ကသိုလ်အသင်းနှင့် ကစားခဲ့ဖူးပြီး ဂိုးမရှိ သရေကျခဲ့ကြောင်း၊ ယခုနှစ် လာရောက်ခြေစမ်းသည့် အူလ်ဆန်တက္ကသိုလ်အသင်းမှာ တိုးတက်မှုရှိလာကြောင်း၊ မိမိတို့အသင်းအနေဖြင့် နိုင်ငံခြားမှ အသင်းတစ်သင်းနှင့် ခြေစမ်းခွင့်ရသည့်အတွက် များစွာအကျိုးရှိပါကြောင်း၊ ယခုကဲ့သို့ ကစားခွင့်ရအောင် စီစဉ်ပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ သရေရလဒ်ကို ကျေနပ်သော်လည်း မိမိတို့ နိုင်သင့်သောပွဲဖြစ်ကြောင်း၊ နောက်တန်းက နားလည်မှုလွဲ၍ ဂိုးမပေးသင့်ဘဲ ပေးခဲ့ရကြောင်း၊ အဆင့်မြင့်တန်းပွဲ ကစားသည်ထက် ပိုကောင်းအောင်ကစားသွားကြကြောင်း၊ အမှတ်ပေးပွဲရှိနေ၍ ထိခိုက်ဒဏ်ရာရမှု မရှိအောင် ရှောင်ကစားရင်း လိုအပ်ချက်အချို့ရှိခဲ့ကြောင်း"** ပြောကြားခဲ့သည်။

အားနည်းချက်

ဆက်လက်၍ ဘဏ္ဍာ/အခွန်အသင်း နည်းပြချုပ် ဦးရဲထွင့်လေးကို မေးမြန်းရာတွင် **"အူလ်ဆန်အသင်းအနေဖြင့် ပထမပွဲနှင့် ယနေ့ပွဲကို တင်ကစားသွားကြောင်း၊ အသင်းကစားပုံကို အားရမှုရှိသော်လည်း မမျှော်လင့်ဘဲ ဂိုးပေးလိုက်ရပြီးနောက် ကစားပုံပျက်သွားကြောင်း၊ ဂိုးပေးလိုက်ရ၍ ကစားသမားများ အရှိန်ကျသွားကာ တစ်ဖက်အသင်း၏ထိုးဖောက်မှုကို ခံခဲ့ရကြောင်း၊ အသင်းခေါင်းဆောင် စိုးမြတ်မင်းမှာ ပခုံးဒဏ်ရာရထား၍ ဒုတိယပိုင်းမှသာ ထည့်သုံးခဲ့ခြင်းဖြစ်ကြောင်း၊ နောက်တန်း အားနည်းချက်များရှိ၍ ပြင်ဆင်နေတုန်းပင်ဖြစ်ကြောင်း၊ အဓိက အားနည်းချက်မှာ မတည်ငြိမ်မှုပင်ဖြစ်ကြောင်း၊ အူလ်ဆန်အသင်း၏ ကစားပုံကို ကြိုတင်လေ့လာပြီး အဝေးပေးကစားခြင်းထက် တွဲလုံးဖြင့် အနီးပေးကစားရန် ကြိုတင်လေ့ကျင့်မှာကြားခဲ့ကြောင်း၊ သရေကျသွားသော်လည်း ရလဒ်ကိုကျေနပ်ပါကြောင်း"** ပြောကြားခဲ့သည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၄ ရက် (ယနေ့) **ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း**၌ အဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်)ဘောလုံးပြိုင်ပွဲအဖြစ် တပ်မတော်(ကြည်း)အသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ-ကိုရီးယား ချစ်ကြည်ရေးဘောလုံးပွဲအဖြစ် အူလ်ဆန်တက္ကသိုလ်အသင်းနှင့် အဆင့်မြင့်တန်းမှ ဘဏ္ဍာ/အခွန်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြစဉ်။ (မြန်မာ့အလင်း)

ခွင့်တူညီမျှ ဝါဒဖြူစင် ထာဝရချမ်းမြေ့ကြည်လင်နေမည့် အမိမြေ

"ပြည်နယ်၊ တိုင်း ၁၄ ခုလုံး၌ နေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူအားလုံးသည် ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်ကြရာ တစ်ဦးချမ်းသာ ကျန်းမာသလို တစ်ဦးကိုလည်း ချမ်းသာကျန်းမာအောင် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် မိဘသဖွယ် မိမိ၏ သွေးသားများဖြစ်သည့် တိုင်းရင်းသားများ ကောင်းစားရေး၊ ယင်းတို့၏ အနာဂတ်ကောင်းမွန်ရေးအတွက် ဘက်စုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ အားလုံးသည် ပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်လျက်ရှိကြသည့် မြန်မာတိုင်းရင်းသားများဖြစ်ရာ မည်သည့်တိုင်းရင်းသား သားသမီးကိုမဆို သာစေ နာစေဟူ၍ မရှိဘဲ သားသမီးအားလုံးကို ဆင်စီးမြင်းရံစေချင်သည်မှာ အမှန်ပင်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ အကျယ်အဝန်း၊ သယံဇာတနှင့် လူဦးရေ အနေအထားအရ မိမိတို့တိုင်းရင်းသားများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ပြည့်စုံအောင် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ပါက မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ထိပ်တန်းနိုင်ငံဖြစ်လာနိုင်မည်ဖြစ်သည်။"

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၂၀၀၂ခုနှစ် ဧပြီလ ရှမ်းပြည်နယ်ခရီးစဉ်အတွင်း မိန့်ကြားခဲ့သည့် သြဝါဒအမှာစကားမှ)

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုပေါင်း(၁၃၅)ကျော်ဖြင့် ပေါင်းဖွဲ့စုစည်း တည်ဆောက်ထားသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး အပေါင်းတို့၏ မိသားစုနိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ အခြေခံအဓိကကျသည့် အင်အားသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားပင်ဖြစ်သည်။

ထိုစည်းလုံးညီညွတ်မှုအင်အားဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့သည် ရှေးနှစ်ပေါင်း ထောင်ချီကတည်းကပင် အမိနိုင်ငံတော်ကို တည်ထောင်ခဲ့ကြသည်။ အမိမြေကို ကာကွယ် စောင့်ရှောက်ခဲ့ကြသည်။ တိုင်းပြည်နှင့်လူမျိုး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှု ဖော်ဆောင်ခဲ့ကြသည်။

မြန်မာ့သမိုင်းစဉ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပျက်စီးသည့်အခါတိုင်း တိုင်းပြည်သာယာဝပြောတိုးတက်ရေး ထိခိုက်ပျက်ပြားခဲ့ရပြီး ပြည်ထောင်စုကြီးပြိုကွဲမည့် အန္တရာယ်နှင့်ပါ ရင်ဆိုင်ခဲ့ရသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲ အားကောင်းသည့်အခါတွင် အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်လာနိုင်ခဲ့သည်။

ယနေ့မျက်မှောက်ခေတ်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သွားရန်အတွက်လည်းကောင်း၊ နိုင်ငံတော်တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားရန်အတွက်လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေးကို ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဖော်ဆောင်သွားရန်အတွက်လည်းကောင်း လိုလားတောင့်တ ဆန္ဒပြုလျက်ရှိနေကြပေသည်။

တိုင်းရင်းသားပြည်သူတို့၏ အဆိုပါလိုအင်ဆန္ဒနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖွဲ့စည်းတည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တစ်ရပ်လိုအပ်လာခဲ့သည်။ နိုင်ငံတော်၏ ခေတ်ပြောင်းစနစ်ပြောင်း အသွင်ကူးပြောင်းမှုကို တာဝန်ယူထားသော တပ်မတော်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲနိုင်ရေးအတွက် လိုအပ်သောအခြေခံမူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကြီးကို ဒေသပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူမျိုးပေါင်းစုံမှ တိုင်းရင်းသားကိုယ်စားလှယ်များဖြင့် အောင်မြင်စွာ ကျင်းပပေးခဲ့ပြီးဖြစ်သည်။

တိုင်းရင်းသားပြည်သူများကလည်း အမျိုးသားညီလာခံကြီးနှင့် ပေါ်ပေါက်လာမည့် အခြေခံဥပဒေသစ်ကြီးဆိုပွဲ အခမ်းအနားများကို ပြည်နယ်နှင့်တိုင်းအသီးသီးတွင် တစ်ခဲနက်ကျင်းပပြီး အားပေး ထောက်ခံခဲ့ကြသည်။ ယင်းကြိုဆိုထောက်ခံအားပေးမှုများကို လေ့လာဆန်းစစ်သည့်အခါတွင် "တိုင်းရင်းသား ပြည်သူအားလုံးသည် တစ်မြေတည်းနေ တစ်ရေတည်းသောက် အေးအတူပူအမျှ အတူတကွ နေထိုင်လာခဲ့ကြသူများဖြစ်ရာ တစ်ဦးအပေါ်တစ်ဦး မည်သူ့ကိုသာစေ၊ မည်သူ့ကိုနာစေဆိုသည့် စိတ်ဓာတ်မျိုးမထားရှိဘဲ တစ်ပင်တည်းသော အမိမြေ၊ တစ်ခုတည်းသော အမိနိုင်ငံတော်ကြီးကို ချစ်ခင်မြတ်နိုး တန်ဖိုးထားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် တက်ညီလက်ညီ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြမည်၊ ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ် မကျရောက်စေရန် လက်တွဲမဖြုတ်စတမ်း ကာကွယ်စောင့်ရှောက်ကြမည်ဟူသည့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ကို တစ်စိတ်တစ်ဝမ်းတည်း မွေးမြူထားရှိကြောင်း"ပေါ်လွင်ထင်ရှားနေပေသည်။

သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံက ညှိနှိုင်းချမှတ်ခဲ့သည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာ ဆန်းစစ်ကြည့်ရာတွင် တိုင်းရင်းသားလူမျိုးများ၏အရေးနှင့်ပတ်သက်၍ ပြည်ထောင်စုသားအားလုံး ခွင့်တူညီမျှ ရရှိစေရန်အတွက် အတတ်နိုင်ဆုံး ဖြည့်ဆည်းဖော်ဆောင်ပေးထားကြောင်း တွေ့ရှိရပေသည်။ နှိုင်းယှဉ်၍ ဖော်ပြရလျှင် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထက်လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထက်လည်းကောင်း တိုင်းရင်းသားလူမျိုးများ၏အရေးကို ပိုမိုထူးခြားစွာ ဦးစားပေးအလေးထားပြဋ္ဌာန်းသွားမည်ဖြစ်သည်ကို တွေ့ရှိရပေသည်။

ခိုင်းသိဟာ

အမျိုးသားညီလာခံက ညှိနှိုင်း ချမှတ်ပေးခဲ့သည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ပေါ်ပေါက်လာမည့် အနာဂတ်နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်မှာ တိုင်းဒေသကြီး (၇)ခု၊ ပြည်နယ် (၇)ခု၊ ပြည်ထောင်စုနယ်မြေ (၁)ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(၁)ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၅)ခု ပါဝင်ဖွဲ့စည်းတည်ဆောက်သွားမည်ဖြစ်သည်။

တိုင်းဒေသကြီး(၇)ခုမှာ လက်ရှိတည်ရှိနေသည့် စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ ဖြစ်သည်။

ပြည်နယ်(၇)ခုမှာ လက်ရှိတည်ရှိနေသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့သည် အဆင့်အတန်း တူညီကြသကဲ့သို့ အခွင့်အလမ်းများလည်း တူညီကြသည်။

ပြည်ထောင်စုနယ်မြေအဖြစ် နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို သတ်မှတ်ထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို အောက်ပါအတိုင်း သတ်မှတ်ထားသည်–

(၁) စစ်ကိုင်းတိုင်းရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ကိုစုစည်း၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(၂) ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ကို စုစည်းပြီး ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(၃) ရှမ်းပြည်နယ်ရှိ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ကို စုစည်းပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(၄) ရှမ်းပြည်နယ်ရှိ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့ကို စုစည်းပြီး ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(၅) ရှမ်းပြည်နယ်ရှိ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ကိုစုစည်းပြီး ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(၆) ရှမ်းပြည်နယ်ရှိ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်း(ပန်းခမ်း)မြို့နယ် (၆)မြို့နယ်တို့ကို ခရိုင်(၂) ခရိုင်ဖွဲ့ပြီး 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း။

ယင်းသို့ တိုင်းရင်းသားများ၏ အခွင့်အရေးကို ပြည်နယ်(၇)ခုသာမက ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း/ဒေသများဖြင့် ပိုမိုလမ်းဖွင့်ပေးခဲ့ရာတွင် နောင်တစ်ချိန်၌ အငြင်းပွားဖွယ်ရာများမဖြစ်အောင် အမျိုးသားညီလာခံကိုယ်စားလှယ်များက သတ်မှတ်စံနှုန်း(၃)ရပ် သတ်မှတ်ဖွဲ့စည်းသွားရန် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းသတ်မှတ်ချက် (၃)ရပ်မှာ အဆိုပါတိုင်းရင်းသားလူမျိုးစုသည် သီးခြားတိုင်းဒေသကြီးနှင့် ပြည်နယ်မရသေးသော တိုင်းရင်းသားများဖြစ်ရမည်၊ လျော်ကန်သင့်မြတ်သော လူဦးရေရှိရမည်၊ ထို့အပြင် ယင်းလူဦးရေသည် နယ်မြေတစ်ဆက် တစ်စပ်တည်း နေထိုင်ကြသူများဖြစ်ရမည်ဟူသည့် သတ်မှတ်ချက်များပင်ဖြစ်သည်။

ယင်းသည် အမိနိုင်ငံတော်အတွင်း နှစ်ပရိစ္ဆေဒရှည်လျားစွာ အေးအတူပူအမျှ အတူတကွ နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားများ၏ နယ်မြေတစ်ဆက်တစ်စပ်တည်း တည်ရှိနေထိုင်မှု၊ လျော်ကန်သင့်မြတ်သည့် လူဦးရေရှိမှုတို့ကြောင့် ရသင့်ရထိုက်သော ကိုယ်ပိုင်အုပ်ချုပ်မှု အခွင့်အရေးကို ဖြည့်ဆည်းပေးအပ်ထားခြင်းဖြစ်ကြောင်း ထင်ရှားစွာတွေ့ရှိရမည်ဖြစ်သည်။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းဝိသေသတိုင်းဟူ၍ ပြည်နယ်(၄)ခုနှင့် ဝိသေတိုင်း(၁)ခုတို့သာ ရှိခဲ့ခြင်းနှင့် နှိုင်းယှဉ်ကြည့်လျှင် သိသာထင်ရှားစွာ တွေ့ရှိနိုင်သည့်အချက်မှာ ယခင်ခေတ်များကထက် တိုင်းရင်းသားလူမျိုးစုများ ရသင့်ရထိုက်သည့် အခွင့်အရေး ပိုမိုရရှိလာခြင်းပင်ဖြစ်သည်။

ထို့အတူ တိုင်းရင်းသားများအနေဖြင့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကိုလည်း ပါလီမန်ဒီမိုကရေစီခေတ်နှင့် ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တို့ထက် ထူးခြားစွာ ပိုမိုရရှိလာကြောင်း လေ့လာတွေ့ရှိနိုင်ပေသည်။

ဥပဒေပြုရေးအာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးရာတွင် ဗဟို၌ ပြည်ထောင်စုလွှတ်တော် (ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်) ဖွဲ့စည်းသွားမည့်နည်းတူ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီးကို ဖွဲ့စည်းလျက် ဥပဒေပြုရေးအာဏာများ ခွဲဝေအပ်နှင်းထားသည်။ အလားတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့(၁)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့(၅)ခုတို့ကိုလည်း ဖွဲ့စည်းသွားပြီး ဥပဒေပြုရေးအာဏာ ခွဲဝေအပ်နှင်းသွားမည်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုပုံသဏ္ဌာန်တွင် (၁) ပြည်ထောင်စုလွှတ်တော်၊ (၂) ပြည်သူ့လွှတ်တော်၊ (၃) အမျိုးသားလွှတ်တော်၊ (၄) တိုင်းဒေသကြီးလွှတ်တော် (၇)ခု၊ (၅) ပြည်နယ်လွှတ်တော် (၇)ခု၊ (၆) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့(၁)ခု၊ (၇) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့(၅)ခုတို့ ပေါ်ပေါက်လာမည်ဖြစ်သည်။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဥပဒေပြုအဖွဲ့အစည်းအဖြစ် ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်၊ ယင်းလွှတ်တော်နှစ်ရပ်ပေါင်းထားသည့် ပါလီမန်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ကောင်စီတို့သာ ရှိခဲ့သည်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ ဥပဒေပြုအဖွဲ့အစည်းအဖြစ် ပြည်သူ့လွှတ်တော်တစ်ရပ်တည်းသာရှိခဲ့သည်။ သို့ဖြစ်၍ အနာဂတ်နိုင်ငံတော်တွင် ဒီမိုကရေစီနည်းလမ်းတကျဖြင့် တိုင်းရင်းသားအားလုံး ဥပဒေပြုခွင့် အာဏာကို မျှမျှတတ ရရှိလာကြမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်တွင် မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်မည်ဖြစ်ပြီး အမျိုးသားလွှတ်တော်တွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးမှ ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မည်ဖြစ်သည်။

မြို့နယ်တိုင်းလိုလိုတွင် တိုင်းရင်းသားညီအစ်ကိုများ စုပေါင်းနေထိုင်လျက်ရှိကြသဖြင့် မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း မဲဆန္ဒနယ်များသတ်မှတ်ရွေးကောက်တင်မြှောက်ခြင်းသည် တစ်နည်းအားဖြင့် ပြည်သူ့လွှတ်တော်တွင် တိုင်းရင်းသားလူမျိုးအများအပြား ပါဝင်ခွင့်ရရှိအောင် ဖော်ဆောင်ပေးထားခြင်းပင် ဖြစ်သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရာတွင်မူ နယ်မြေအကျယ်အဝန်းနှင့် လူဦးရေအနည်းအများကို အခြေမခံဘဲ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ် ဦးရေအညီအမျှ (၁၂)ဦးကျစီ ရွေးကောက်တင်မြှောက်သွားမည်ဖြစ်သည်။ ယင်းသည် တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏အဆင့်အတန်းကို တစ်ညီတည်းဖြစ်အောင် ဖော်ဆောင်ပေးထားခြင်းပင်ဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များတွင်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်တိုင်းမှ တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်မည့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်လာမည်ဖြစ်သည်။ ယင်းသို့ မြို့နယ်အလိုက် ဒီမိုကရေစီနည်းလမ်းတကျ ဖော်ဆောင်ပေးထားသည့် အခွင့်အရေး ရှိသကဲ့သို့ တိုင်းရင်းသား လူနည်းစုများအတွက် ပေးထားသည့် အခွင့်အရေးများလည်း ရှိနေကြောင်း တွေ့ရှိရသည်။

ဥပမာအားဖြင့် ရှမ်းပြည်နယ်တွင် ရှမ်းတိုင်းရင်းသားများအနေဖြင့် ပြည်နယ်ရရှိပြီးသားဖြစ်သည်။ ထို့အတူ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ 'ဝ'ဟူသည့်တိုင်းရင်းသားများကလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း ရရှိလာကြသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အတွင်း အဆိုပါအခွင့်အရေးမျိုး မရရှိကြသေးသည့် ကျန်တိုင်းရင်းသားလူမျိုးများအနေဖြင့် နိုင်ငံတော်၏ လက်ရှိလူဦးရေ စုစုပေါင်း၏ (၀ ဒသမ ၁) ရာခိုင်နှုန်းနှင့် အထက်သာ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ရှိမည်ဆိုလျှင် ရှမ်းပြည်နယ်လွှတ်တော်အတွက် ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်ခွင့်ပြုထားသည်။ ၎င်းပုဂ္ဂိုလ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးဖြစ်လာမည်ဖြစ်သည်။

ယင်းသည်နိုင်ငံ့လူဦးရေ၏(၀ ဒသမ ၁)ရာခိုင်နှုန်းနှင့်အထက်ရှိသော ကျန်တိုင်းရင်းသား လူနည်းစုများ မျက်နှာမငယ်ရစေရန်၊ အရေးပါအရာ ရောက်စေရန်နှင့် ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့် အခွင့်အရေးများကို အများနည်းတူ ရရှိစေရန်အတွက် မျှမျှတတ နှိုင်းနှိုင်းချိန်ချိန် ဖော်ဆောင်ပေးထားခြင်းပင် ဖြစ်သည်။

အထက်ပါမှုများနှင့်ညီညွတ်သော ကျန်တိုင်းရင်းသားလူမျိုးစု အသီးသီးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အသီးသီး၏ ဥပဒေပြုရေးတွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် ရရှိမည့်အပြင် ၎င်းကိုယ်စားလှယ်သည် ထိုတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တွင်လည်း အစိုးရအဖွဲ့ဝင် ဝန်ကြီးဖြစ်လာလိမ့်ဦးမည် ဖြစ်သည်။ ၎င်းပုဂ္ဂိုလ်သည် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးစု၏ အရေးအရာများကို ဆောင်ရွက်မည့် ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

နိုင်ငံတော်၏ ဥပဒေပြုခွင့်အာဏာကို ဗဟိုကသာချုပ်ကိုင်ထားခြင်းမပြုဘဲ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ ခွဲဝေအပ်နှင်းထားသကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများကိုလည်း ခွဲဝေအပ်နှင်းထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၏ ဥပဒေပြုရေးအာဏာကို ကျင့်သုံးရန်အတွက် တိုင်း/ဒေသဦးစီးအဖွဲ့များ ဖွဲ့စည်းရာတွင် သီးခြားရွေးကောက်တင်မြှောက်မှု မပြုလုပ်တော့ဘဲ ၎င်းတို့ မြို့နယ်များမှ တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်အတွက် ရွေးကောက်တင်မြှောက်လိုက်သည့် တစ်မြို့နယ် နှစ်ဦးကျ လွှတ်တော်ကိုယ်စားလှယ်များကပင် ဦးစီးအဖွဲ့ဝင်များအဖြစ် တစ်ပါတည်း ဆောင်ရွက်ခွင့်ရရှိကြမည် ဖြစ်သည်။

ဥပမာအဖြစ်ပြောရလျှင် ရှမ်းပြည်နယ်အတွင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပါဝင်သည့် ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့မှ ရှမ်းပြည်နယ်လွှတ်တော်အတွက် တစ်မြို့နယ်လျှင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်ရမည်ဖြစ်ရာ ထိုပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦးသည် ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်ကို စုပြီးဖွဲ့စည်းထားသည့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ ဦးစီးအဖွဲ့ဝင်များအဖြစ် အလိုအလျောက်ဖြစ်လာမည်ဖြစ်သည်။ ၎င်းတို့လေးဦးထဲမှတစ်ဦးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရဦးမည်၊ ထို့မျှမကဘဲ ရှမ်းပြည်နယ် အစိုးရအဖွဲ့တွင် အဖွဲ့ဝင် ဝန်ကြီးအဖြစ်ပါ ခန့်အပ်ခြင်းခံရဦးမည်ဖြစ်သည်။

ယင်းသို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်(၁၀)ဦးထက်မနည်း ဖွဲ့စည်းရမည်ဟူ၍လည်း အသေးစိတ်အခြေခံရမည့်မူ ချမှတ်ထားပြန်သည်။ ယင်းသို့ချမှတ်ထားခြင်းသည် အဖွဲ့ဝင်(၁၀)ဦးထက် ပို၍ဖွဲ့စည်းနိုင်ကြောင်း ညွှန်ပြထားခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် မှီတင်းနေထိုင်သည့် ဓနုတိုင်းရင်းသားများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန် သင့်မြတ်သော လူဦးရေဖြစ်သည့် လူဦးရေအနည်းဆုံး တစ်သောင်းနှင့် အထက်ရှိသော တိုင်းရင်းသားလူမျိုးများရှိလျှင် ၎င်းတို့အထဲမှ ကိုယ်စားလှယ်တစ်ဦးကျစီကို ဦးစီးအဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်ထားသွားနိုင်မည်ဖြစ်သည်။

ယင်းသည် လူဦးရေအနည်းဆုံး တစ်သောင်းကျော်ရှိသည့် ကျန်တိုင်းရင်းသားလူနည်းစုများ အရေးကို အလေးထားပြီး ဒီမိုကရေစီနည်းလမ်းတကျ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအခွင့်အာဏာများရရှိအောင် ဖော်ဆောင်ပေးထားခြင်းပင်ဖြစ်သည်။

ဤမျှဆိုလျှင် အနာဂတ်နိုင်ငံတော်တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်အဖြစ် တည်ရှိလာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အကျိုးစီးပွားအား လက်ငင်း လက်တွေ့ပကတိအခြေအနေများအရ အသင့်မြတ်နိုင်ဆုံး ဖော်ဆောင်ပေးနိုင်မည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများဖြင့် ရေးဆွဲသွားမည်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိတို့၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်း ဖော်ဆောင်ကြစမြဲဖြစ်သည်။ သို့ရာတွင် မည်သည့်အခြေခံဥပဒေမျှ လုံးဝဥဿုံ ပြီးပြည့်စုံသည်ဟူ၍မရှိ၊ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ကောင်းသထက်ကောင်းအောင် ထပ်ဆင့်သယ်ပိုးနိုင်ရန် အတွက် အချိန်အခါ အခြေအနေအရပ်ရပ်နှင့်အညီ စုပေါင်းညှိနှိုင်း တိုင်ပင်ဆုံးဖြတ်ပြီး ပြန်လည်ပြင်ဆင် ဖြည့်စွက်ရေးဆွဲရလေ့ရှိကြောင်းလည်း လေ့လာတွေ့ရှိနိုင်ပေသည်။

မည်သို့ပင်ဖြစ်စေ၊ မကြာမီပေါ်ပေါက်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ပြည်ထောင်စုစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို ကျင့်သုံးဖော်ဆောင်ရာတွင် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို တိုင်းရင်းသားလူနည်းစုများပါ မကျန် ခွင့်တူညီမျှ ခွဲဝေကျင့်သုံးနိုင်ကြရန်အတွက် ဖော်ဆောင်ပေးထားကြောင်း လေ့လာတင်ပြလိုက်ရပေသည်။ ။

တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်း) သက်ကြီးဆရာကြီးများအား ပူဇော်ကန်တော့

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်း)က ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် သက်ကြီးတိုင်းရင်းဆေးဆရာကြီးများအား ပူဇော်ကန်တော့ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ငါးထပ်ကြီးဘုရားလမ်း တိုင်းရင်းဆေးရုံကြီးဝင်းအတွင်းရှိ ဇီဝကခန်းမဆောင်၌ ကျင်းပသည်။

သြဝါဒစကား

ရှေးဦးစွာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဆရာကြီး ဦးမောင်ဉာဏ်က သြဝါဒစကားပြောကြားသည်။

ကန်တော့

ယင်းနောက် အခမ်းအနားမှူး ဦးထွန်းရွှေ(ထွန်းရွှေဝါ)က ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီးတို့မှ အပူဇော်ခံဆရာကြီး ၉၀တို့၏ အမည်စာရင်းကို ဖတ်ကြားတင်ပြကာ တက်ရောက်လာကြသူများက အပူဇော်ခံဆရာကြီးများအား ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ကန်တော့ကြပြီး အပူဇော်ခံဆရာကြီးများ၏ ကိုယ်စား မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို)မှ ဆရာကြီးဦးကြည်က ကျေးဇူးတင်သြဝါဒစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ ဦးမောင်မောင်ဦး၊ ဦးတင်မောင်၊ ဒေါ်တင်နွယ်ဦးနှင့် ဦးခင်မောင်ထွန်းတို့က အပူဇော်ခံ ဆရာကြီးများအား ကန်တော့ခံလှူဒါန်းငွေနှင့်ပစ္စည်းများပေးအပ်သည်။ **(အပေါ်ဝဲပုံ) (က–ပ)**

အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

တာမွေမြို့နယ် အထက(၁)၌ ၁၉၉၂–၁၉၉၃ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက်(၅၅)နှစ်ပြည့် ဆရာ ဆရာမကြီးများအား ဖေဖော်ဝါရီ ၁၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း ပင်လုံခန်းမ၌ ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြရန်နှင့် အလှူငွေများကို ဒေါက်တာသိန်းစိုး ဖုန်း–၀၉–၅၀–၂၂၄၁၂၊ ကိုသက်နိုင်–မမီမီစိုး ဖုန်း–၀၉–၅၁–၆၃၀၀၆၊ ၀၁–၅၄၆၉၈၈၊ ကိုအောင်ကြည် ဖုန်း–၀၉–၅၀–၁၃၃၂၂၊ မမြတ်မြတ်ခိုင် ဖုန်း–၀၁–၅၄၀၃၄၂၊ ကိုကျော်စိုး ဖုန်း–၀၁–၂၀၀၁၁၀၊ ကိုမောင်မောင်ကြည် ဖုန်း–၀၁–၅၄၄၈၄၃၊ ကိုစန်းမြင့် ဖုန်း–၀၉–၈၀–၃၂၆၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

မီးစက်ဆူညံသံကြောင့် အနှောင့်အယှက်ဖြစ်ရ

စာတည်းခင်ဗျား–

လှိုင်မြို့နယ် (၅)ရပ်ကွက် မြနန္ဒာလမ်းနှင့် ခရေ(၄)လမ်းထောင့်ရှိ မီးစက်ကြီးမှ ထွက်ပေါ်လာသော ဆူညံသံများ၊ မီးခိုးငွေ့များနှင့် မီးစက်မောင်းနှင်မှုကြောင့် တုန်ခါမှုများသည် ပတ်ဝန်းကျင်ရှိ အထပ်မြင့်အဆောက်အအုံများ၏ ကြံ့ခိုင်မှုထိခိုက်စေပြီး ပတ်ဝန်းကျင်နေ ပြည်သူများအတွက် စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။ သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စိတ်အနှောင့်အယှက်ဖြစ်ရသူများ

မိလ္လာပိုက်ပေါက် ပြုပြင်ပေးပါ

စာတည်းခင်ဗျား–

တာမွေမြို့နယ် ကျောက်မြောင်းအထက်ရပ်ကွက် သုမင်္ဂလာလမ်း တိုက်အမှတ်(၁၂)မှ မိလ္လာကန်မှာ ရေဆိုးများ စိမ့်ထွက်နေသည့်အပြင် တိုက်အမှတ် (၁၄)မှ မိလ္လာဆင်းပိုက်၏ အောက်ခြေနားတွင်လည်း ပေါက်လျက်ရှိရာ အနံ့ဆိုးများ ပတ်ဝန်းကျင်သို့ ပျံ့နှံ့နေပါသဖြင့် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

တရားမဝင် လောင်စာဆီ အရောင်းဆိုင်ဖယ်ရှားပေးပါ

စာတည်းရှင့်–

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် မဲဇလီကုန်းကျေးရွာ ဈေးကြီးရပ်ကွက် ဗိုလ်ချုပ်လမ်း စည်ပင်သာယာ ဗိုလ်အောင်ကျော်ဈေးအနီးတွင် ဓာတ်ဆီ ဒီဇယ်ဆီများကို တရားမဝင် သိုလှောင်ရောင်းချလျက်ရှိသည့်အပြင် ဘေးအိမ်ခန်းကိုပါ ငှားရမ်း၍ လောင်စာဆီများ သိုလှောင်ထားခြင်းကြောင့် ပတ်ဝန်းကျင်နေ ရပ်ကွက်ပြည်သူများ မီးဘေးအန္တရာယ် အမြဲတစေ စိုးရိမ်ထိတ်လန့်နေရပါသည်။ သို့ပါ၍ အဆိုပါဓာတ်ဆီ၊ ဒီဇယ်ဆီ အရောင်းဆိုင်ကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

လူနေရပ်ကွက်၌ ဝက်မွေးမြူမှုရှင်းလင်းပေးစေလို

စာတည်းခင်ဗျား–

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကံသာယာရပ်ကွက် ၅၉ လမ်းတွင် ဝက်မွေးမြူသူတချို့သည် ဝက်များကို လူနေအိမ်ခြံများအတွင်းတွင် လည်းကောင်း၊ နဒီချောင်းဘေးတွင်လည်းကောင်း စီးပွားဖြစ်အကောင်ရေများစွာ မွေးမြူထားသဖြင့် ပတ်ဝန်းကျင်မှ ပြည်သူများမှာ လေကောင်းလေသန့်၊ ရေကောင်းရေသန့်များ မရရှိဘဲ ညအိပ်ချိန်တွင် ဝက်များ၏ အော်သံကြောင့် အနှောင့်အယှက်ဖြစ်ရပါသည်။ သို့ပါ၍ ရပ်ကွက်အတွင်း စီးပွားဖြစ်ဝက်မွေးမြူသူများအား သက်ဆိုင်ရာမှ လိုအပ်သလို စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

စိတ်အနှောင့်အယှက်ဖြစ်ရသူ

လမ်းပိတ်ဆို့နေသော ထမင်းဆိုင်နှင့် ဝပ်ရှော့ဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

လသာမြို့နယ် အနော်ရထာလမ်းနှင့် ၁၈ လမ်းထိပ်အနီးတွင် ဖွင့်လှစ်ထားသော ထမင်းဆိုင်နှင့် ကားပြုပြင်သော ဝပ်ရှော့ဆိုင်တို့ကြောင့် လမ်းပိတ်ဆို့နေသဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **၁၈ လမ်းသားများ**

နောက်ဖေးလမ်း သန့်ရှင်းစေချင်

စာတည်းရှင့်–

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် ကမ္ဘာအေးဘုရားလမ်း တိုက်အမှတ် (၃၀၁/က) (၃၀၁/ခ) နောက်ကျောတွင် ရေနုတ်မြောင်းကိုခွလျက် တိုးချဲ့အဆောက်အအုံများ ဆောက်လုပ်ထားပြီး စည်းကမ်းမဲ့အမှိုက်များစွန့်ပစ်ခြင်းကြောင့် မြောင်းပိတ်ဆို့ကာ ဗွက်အိုင်များထူထပ်၍ ပတ်ဝန်းကျင်နေထိုင်သူများမှာ ဆိုးရွားသော အနံ့အသက်များ ရှူရှိုက်နေရပါသည်။ ထို့ပြင် မီးဘေးအန္တရာယ်လည်း စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှလိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သန့်ရှင်းစေလိုသူ**

အန္တရာယ်ရှိ အဆောက်အအုံ ပြုပြင်ပေးစေလို

စာတည်းခင်ဗျား–

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သြဘာလမ်း အမှတ် ၉၀ မြေကွက်ရှိ အဆောက်အအုံမှာ လူမနေဘဲ ဟောင်းနွမ်းပြိုကျလျက် ရှိပါသည်။ ၎င်းအဆောက်အအုံအနီး၌ လျှပ်စစ် မီးကြိုးများ သွယ်တန်းထားသည့်အပြင် ပတ်ဝန်းကျင်မှ အမှိုက်သရိုက်များ ပစ်ချမှုကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် လိုအပ်သလို ရှင်းလင်း ပြုပြင်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

သြဘာလမ်းသား

မီးစက်ဆူညံသံ နားမခံနိုင်

စာတည်းရှင့်–

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၄)ရပ်ကွက် သီဂီလမ်းရှိ အိမ်တစ်အိမ်မှ လုပ်ငန်းသုံးမီးစက်ကြီးကို အသံလုံခန်းမရှိဘဲ ညစဉ်အသုံးပြုလျက်ရှိသဖြင့် ဆူညံသံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများမှာ ကောင်းစွာ အိပ်စက်မရကြပါ၊ သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူများ

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

ပဲခူးဟင်္သာကုန်းစေတီစောင်းတန်းပြုပြင်ရန်လှူဒါန်းနိုင်

ပဲခူးမြို့ သမိုင်းဝင် ဟင်္သာကုန်းစေတီတော်မြတ်ကြီး၏ အနောက်ဘက် စောင်းတန်းနှင့် တောင်ဘက်စောင်းတန်းများ ပြုပြင်လျက်ရှိသည်။ သို့ပါ၍ ပါရမီကုသိုလ်ရှင်များက တတ်စွမ်းသမျှလှူဒါန်းကုသိုလ်ယူနိုင်ကြပါရန်နှင့် အနောက်ဘက် စောင်းတန်းအတွက် ငွေကျပ်သိန်း ၁၀၀၊ တောင်ဘက်စောင်းတန်း အတွက်ငွေကျပ်သိန်း ၂၅၀ဖြစ်ပြီး ဂေါပကရုံး ဖုန်း-၂၁၈၉၇သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

ဥပဒေအရာရှိ မွမ်းမံသင်တန်းဖွင့်

ဥပဒေအရာရှိ မွမ်းမံသင်တန်းအမှတ်(၂၃)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂ရက်မွန်းတည့်၁၂နာရီက ရှေ့နေချုပ်ရုံး နေပြည်တော်အဆောက်အအုံ အမှတ်(၂၅)မြေညီထပ် အစည်းအဝေးခန်းမ(၁)တွင် ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်၊ ဦးမြင့်နိုင်၊ ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဝါးခယ်မမြို့နယ်အသင်းနှစ်ပတ်လည်စည်းဝေးမည်

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၅၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲ၊ပညာရည်ချွန်ဆုပေးပွဲ၊ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် (တနင်္ဂနွေနေ့)နံနက်၈နာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီးကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်မြို့နေ အသက်(၇၅)နှစ်အထက် ဝါးခယ်မမြို့နယ်သား ကန်တော့ခံ ဘိုးဘွားများ၊ ဝါးခယ်မ မြို့နယ်မှ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အဆင့်(၁)၊ အဆင့်(၂)ရရှိကြသည့် ကျောင်းသားများအပါအဝင် ဘာသာရပ်အသီးသီး၌ ဂုဏ်ထူးရ ကျောင်းသားများ၊ နိုင်ငံတော်ကချီးမြှင့်သည့် ဘွဲ့ထူး ဂုဏ်ထူးရ ပုဂ္ဂိုလ်များသည် အခမ်းအနားသို့တက်ရောက်ရန်အသင်းတိုက် တည်ရှိရာ အမှတ်၁၂ စဥ့်အိုးတန်းလမ်း လသာမြို့နယ်ဖုန်း-၂၂၆၅၉၀သို့ ဖေဖော်ဝါရီ၁၅ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြသည်။ (က-ပ)

အထက(၆)ဗိုလ်တထောင် အာစရိယပူဇော်ပွဲ

ဗိုလ်တထောင် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ယခင်(စိန်ပေါလ်)ကျောင်း၏ ၁၁ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ရက် (တောင်သူလယ်သမားနေ့) တွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်ရာ ၁၉၆၅မှ ၁၉၈၀ အထိ ဆရာ ဆရာမများအားလုံးနှင့် ၁၉၈၁မှ ၂၀၀၇ ခုနှစ် အထိ သက်ပြည့်အငြိမ်းစားဆရာ၊ဆရာမများ၊ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် အလှူပစ္စည်းများကို ဦးမောင်မောင်အေး ဖုန်း-၂၂၇၃၂၂၊ ဦးသက်ချိုဦး ဖုန်း-၂၄၆၄၇၀၊ ဦးဝင်းလှိုင်ညွန့် ဖုန်း-၂၄၆၃၁၃ နှင့် ဦးမြင့်ထွန်း ဖုန်း-၂၄၉၃၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နမ့်ဆန်၌ သောက်သုံးရေဖူလုံပြီ

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်အတွင်း ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ခဲ့ရာ ယခုအခါ မြို့နယ်ပြည်သူ့ဆေးရုံ၊မြို့မဂိုဏ်းချုပ်ဘုန်းတော်ကြီးကျောင်း၊ စုပေါင်းရုံးကုန်းနှင့်မင်္ဂလာရပ်ကွက်နယ်မြေ ၄ အပါအဝင်ပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။ (က-ပ)

ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုး

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းကို မိုးမောက်မြို့နယ် အတွင်းရှိ နမ့်တိန်ကျေးရွာ၊ မိုင်းခတ်ကျေးရွာ၊ မန်နောင်ကျေးရွာနှင့် နှင်းအီကျေးရွာများတွင် မြို့နယ်ဦးစီးမှူး ဒေါက်တာရဲနိုင်ထွန်း ဦးဆောင်၍ သက်ဆိုင်ရာ ကျေးရွာဥက္ကဋ္ဌများနှင့် အတူ ဇန်နဝါရီ ၂၉ ရက်က ကွင်းဆင်းဆောင်ရွက်ရာ အဆိုပါကျေးရွာလေးရွာမှ ကျွဲ၊ နွားကောင်ရေ ၈၀၀ ခန့် အား ရောဂါကာကွယ်ဆေးများ ထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကန်တော့ခံအလှူငွေ ခွဲဝေလှူဒါန်း

မြောင်းမြမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယကအဖွဲ့ဝင် ဦးအောင်ကြင်သည်မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှအကန်တော့ခံအလှူငွေများကို ပြန်လည်ခွဲဝေ၍ မိုးကုတ်ဓမ္မာရုံသွပ်မိုးရန်အတွက် ငွေကျပ် ၆၀၀၀၀၊ ဝေဠုဝန်ကမ္မဋ္ဌာန်းကျောင်း သီလရှင်၁၃ပါးအတွက် ငွေကျပ်၁၃၀၀၀၊ ဝေဠုဝတီဆရာတော်အားငွေကျပ်၇၀၀၀နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်း မျက်နှာစုံညီ အစည်းအဝေးအသုံးစရိတ် ငွေကျပ် ၅၀၀၀ တို့ကို ခွဲဝေလှူဒါန်းကြောင်းသိရသည်။ (၁၆၀)

ဝင်းဝင်း ပြဇာတ်ခေတ်တွင် အောင်မြင်ကျော်ကြားခဲ့သော ပြဇာတ်၊ ဂီတ၊ ရုပ်ရှင်ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်

တွေ့ဆုံမေးမြန်းသူ - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်းပြု - သိန်းဝင်းလေး(မြန်မာ့အလင်း)
စာမျက်နှာပွဲစဉ်မှူး - ထိန်လင်း

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာ့ယဉ်ကျေးမှုအနုပညာနယ်ပယ်တွင် ပြဇာတ်သမိုင်းတစ်ခေတ်ကို ထူထောင်နိုင်ခဲ့သူများတွင် ဗိုလ်ကလေး တင့်အောင်သည် ကာလအကြာရှည်ဆုံး၊ အောင်မြင်မှုအရှိဆုံးဟု ဆိုရပေမည်။ ဗိုလ်ကလေးတင့်အောင်၏ ဖြတ်သန်းလာခဲ့သော အနုပညာရေစီးကြောင်းနှင့်စပ်လျဉ်းပြီး ဦကာမချဲ့ စာမဖွဲ့ဘဲ တင်ပြရမည်ဆိုလျှင်-

ဗိုလ်ကလေးတင့်အောင်သည် ၁၉၅၀ ပြည့်နှစ်ဝန်းကျင်က ရန်ကုန်မြို့ ပန်းဆိုးတန်း၌ ဝင်းဝင်းပြဇာတ် အထွန်းတောက်ဆုံး အချိန်မှစ၍ အောင်မြင်ကျော်ကြားလာခဲ့သည်။ ယင်းနောက် ဂီတဆည်းဆာ၊ ဂီတပဒေသာ၊ ပြည်ထောင်စုပဒေသာကပွဲ၊ ဝဇီရာ ပြဇာတ် စသည်စသည်ဖြင့် ပြဇာတ်များ ဖျော်ဖြေတင်ဆက်ရာမှ ပြဇာတ်ဒါရိုက်တာ၊ သီချင်းရေးဆရာအဖြစ် သမိုင်းမှတ်တမ်းတင်နိုင်ခဲ့သူ ဖြစ်သည်။

ဗိုလ်ကလေးတင့်အောင် ပြဇာတ်၊ ဂီတနယ်ပယ်ထဲကို စတင်အခြေချခဲ့သည်မှ အစပြု၍ တိုးတက်အောင်မြင်သော ပြဇာတ်ဒါရိုက်တာအဖြစ် ဘဝရှင်သန် အောင်မြင်ကျော်ကြားခဲ့သည်အထိ ဘဘဗိုလ်ကလေးတင့်အောင်၏ အောင်မြင်မှုများကို ဖော်ထုတ်တင်ပြနိုင်ရန်မြန်မာ့အလင်းသတင်းအဖွဲ့က ဗိုလ်ကလေးတင့်အောင် နေထိုင်ရာ လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ်(၈၁)ရှိနေအိမ်သို့ ခရီးတစ်ခေါက်အရောက်လှမ်းခဲ့သည်။

ဗိုလ်ကလေးတင့်အောင်က စာရေးသူတို့အဖွဲ့ရောက်သည်ဆိုလျှင်ပင် ဝမ်းပန်းတသာ ခရီးဦးကြိုပြီးနောက် သူ၏ပြဇာတ်၊ ဂီတ၊ ရုပ်ရှင်နယ်ပယ် အသီးသီးတွင် ဘဝကျင်လည်ခဲ့ရသည်များကို စလယ်ဆုံး အားတက်သရော ပြောပြလေသည်။

"ကျွန်တော်ဘိုကလေးမြို့ကနေ ရန်ကုန်ကို ၁၉၄၉ခုနှစ်မှာ ရောက်တော့ မြို့မှာအတော်စည်ကားနေပြီ။ ကန်တော်ကြီး

ပြဇာတ်ဖြင့် အောင်မြင်ကျော်ကြားခဲ့သော ဗိုလ်ကလေးတင့်အောင်က မြန်မာ့အလင်းသို့ ဉာဏ်ဖြင့် ရှင်းပြသည်။

တစ်ဝိုက်မှာ ရုပ်ရှင်ပြဇာတ်ရုံများ၊ ဈေးဆိုင်တန်းများ မြို့တွင်းသို့ ရောက်ရှိနေကြပါတယ်။ အချို့တိုက်တာ အဆောက်အအုံများကလည်း ပြင်တုန်းဆင်တုန်း၊ ရေကျော်မှာဇော်ရုံ၊ ပန်းဆိုးတန်းမှ ဝင်းဝင်းရုံ၊ အနောက်ပိုင်း လမ်းမတော် ကာဒေးရုံတို့မှာပြဇာတ်များကပြနေသလိုဆူးလေဘုရားလမ်းတစ်လျှောက်မှာရှိတဲ့ ရုပ်ရှင်ရုံများနဲ့ ဗိုလ်ချုပ်လမ်းပေါ်မှာရှိတဲ့ ရုပ်ရှင်ရုံတွေမှာ မြန်မာအသံတိတ်ကားတွေ၊ နိုင်ငံခြားရုပ်ရှင်ကားတွေ ပြသနေပြီ ဖြစ်ပါတယ်"

"ကျွန်တော့်ညီ မောင်ကိုကိုက အဲဒီအချိန်မှာ သက်နှင်းဘရားသား ကုမ္ပဏီက ရိုက်ကူးတဲ့ အသံတိတ်ဇာတ်ကားများ ပြသရာမှာ တီးမှုတ်ဖျော်ဖြေမှု တာဝန်ယူရပါတယ်။ ရုပ်ရှင်ရိုက်ကူး ထုတ်လုပ်နေတဲ့ ဦးသက်နှင်းက ပြဇာတ်တည်ထောင်ကပြရန် အကောင်အထည်ဖော်တဲ့အချိန်မှာတော့ မောင်ကိုကို တီးဝိုင်းခေါင်းဆောင် ဖြစ်လာပါတော့တယ်။ ဒါနဲ့မောင်ကိုကို ဦးဆောင်တဲ့ ဂီတလူငယ်တီးဝိုင်းမှာ ကျွန်တော် မြန်မာဂီတ တီးရပါတယ်။

"အဲဒီမှာပဲ ဦးသက်နှင်းကအသံတိတ်ရုပ်ရှင်ကနေ ပြဇာတ်တည်ထောင်ပြီး ကာဒေးရုံမှာ တင်ဆက်ပါတယ်။ ဒီပြဇာတ်ကို ဦးဆောင်တဲ့ ဒါရိုက်တာကတော့ အဲဒီတုန်းက ရန်ကုန်မြို့မှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ ဒဂုံဆရာတင် ဖြစ်ပါတယ်။ ပြဇာတ်နာမည်က "ချစ်သမျှကို"ဖြစ်ပါတယ်။ ပါဝင်တဲ့ မင်းသား၊ မင်းသမီးတွေကတော့ မင်းသား ခင်မောင်မြင့်၊ သန်းနွဲ့၊ ချစ်မောင်နှင့် မေချစ်တို့ဖြစ်ပါတယ်။ ဇာတ်လမ်းရဲ့ ကျောရိုးက တန်ဆောင်တိုင်ပွဲတော်နဲ့ သက်ဆိုင်ပါတယ်။ အဲဒီမှာပဲ ဒဂုံဆရာတင်က ကျွန်တော့်ကို တာဝန်ပေးတာနဲ့ "ချစ်သမျှကို" ပြဇာတ်ရဲ့ ပဏာမသီချင်း ရေးပါတယ်။

"အဲဒီနောက် ဒဂုံဆရာတင်က နောက် တစ်ပတ်မှာကမယ့် ခိုင်ပန်းစုံ ပြဇာတ်အတွက် သီချင်းလေးပုဒ် ရေးခိုင်းပါတယ်။ အဲဒီကစပြီး ပြဇာတ်သီချင်းရေးဆရာ ဖြစ်လာပါတယ်။ ဒါပေမယ့် ကာဒေးရုံပိုင်ရှင်နဲ့ ဒဂုံ ဆရာတင်တို့ စကားများခဲ့လို့ ဆရာရွှေဒုံးဘီအောင်နဲ့ "အသွင်မတူ" ပြဇာတ်ကို တင်ဆက်ခဲ့ပါတယ်။ အဲဒီကစပြီး သီချင်းရေးဆရာ၊ တွဲဖက်ဒါရိုက်တာ စလုပ်ပါတယ်။ အဲဒီတုန်းက မင်းသား ကိုကျော်အေးနှင့် မေရီမြင့်တို့နဲ့လည်း သီကျွမ်းခွင့်ရခဲ့ပါတယ်။

"ဒီနောက် ၁၉၅၀ပြည့်နှစ် ဧပြီလမှာ ငယ်ကျွမ်းဆွေ ပြဇာတ် ဝင်းဝင်းရုံမှာ ကပြပါတယ်။ ဒီငယ်ကျွမ်းဆွေ ပြဇာတ် ဟာ တကယ့်ဖြစ်ရပ်ကို ခြေခံထားတာကြောင့် ပြဇာတ်တစ်ခေတ်လုံးမှာရပ်တည်နိုင်ခဲ့ ပါတယ်"ဟူ၍ ဘဘ ဗိုလ်ကလေးတင့်အောင်က ပြဇာတ်လောကသို့ စတင်အခြေချ လုပ်ကိုင်ရပုံများကို ပြောပြသည်။

ဝင်းဝင်းပြဇာတ်ကို ဦးဆောင်ခဲ့သော ပြဇာတ်ဒါရိုက်တာ ဒဂုံဆရာတင်။

ပြဇာတ်ဒါရိုက်တာစဖြစ်

ဘဘဗိုလ်ကလေးတင့်အောင်က သူ ပြဇာတ်ဒါရိုက်တာ ဖြစ်လာပုံများကိုလည်း အခုလိုပြောပြပါသည်။ **"ဆရာဖြစ်တဲ့ ဒဂုံဆရာတင်က ကျွန်တော့်ကို သီချင်းရေးဆရာဘဝမှ ဇာတ်ညွှန်းရေးဆရာ၊ နောက်တစ်ဖန် တွဲဖက်ဒါရိုက်တာ တစ်စတစ်စ မသိမသာ မြှင့်တင်ပေးခဲ့ပါတယ်။ တစ်နေ့မှာတော့ ကျွန်တော့်ကို ဆရာက မင်းကိုယ်တိုင်ဦးစီးတဲ့ ပြဇာတ် တစ်ထုပ်ကို တင်ဆက် ကပြရမယ်လို့ ကျွန်တော့်အား တာဝန်ပေးလိုက်ပါတယ်။ တစ်ချိန် ကျွန်တော် ဒါရိုက်တာဖြစ်လာရင် တင်ဆက်ကပြမယ့် ဇာတ်လမ်းတစ်ခုကို စဉ်းစားထားခဲ့ပါတယ်။ ဒီပြဇာတ်အမည်ကတော့ "အပြုံးလက်ဆောင်" ဖြစ်ပါတယ်။ အဲဒီအချိန် (၁၉၄၉-၁၉၅၀)က မြန်မာပြည်အနှံ့အပြားမှာ သောင်းကျန်းဆူပူမှုများဖြစ်ပွားလျက်ရှိပါတယ်။ရောင်စုံသူပုန်များ ထကြွ တိုက်ခိုက်နေကြပြီး ဓားပြ၊ သူခိုး၊ လူဆိုး၊ လူမိုက်တို့က သေနတ် အမျိုးမျိုးကိုင်ဆောင်၍ လုယက်သတ်ဖြတ်နေတဲ့အချိန်ပါ။ ဒါကြောင့် မြန်မာပြည်သူပြည်သားများ အေးချမ်းသာယာစွာ ဘေးအန္တရာယ်မရှိ စိတ်ချလက်ချ သွားလာနိုင်တဲ့ အခြေအနေရောက်ရှိအောင် စွမ်းဆောင်ပေးလိုပါတယ်။ ဒါကြောင့်လဲ ကျွန်တော့်ပြဇာတ်မှာ တပ်မတော်သားတစ်ဦးကို မဏ္ဍိုင်ပြုပြီး တင်ဆက်ခဲ့ပါတယ်။ ဒီအပြုံးလက်ဆောင် ပြဇာတ်မှာ အဓိက ဇာတ်လိုက်များအဖြစ် တက္ကသိုလ် မျိုးချစ်၊ ဖိုးပါကြီး၊ မေမြင့်နှင့် ညွန့်ညွန့်ဆွေတို့ ဖြစ်ပါတယ်။**

"ဒီပြဇာတ်မှာ ထူးခြားတာက မျက်ကြည်လွှာအစားထိုးကုသတဲ့အခန်း ပါတယ်။ အဲဒီတုန်းက မြန်မာနိုင်ငံမှာ မျက်ကြည်လွှာ အစားထိုးကုသတာ မရှိသေးဘူး။ ကမ္ဘာ မှာတောင်မှ အင်္ဂလန်မှာ လေးငါးဦးနှင့် အမေရိကန်မှာ လူ၂၀ လောက်ပဲ ကုသနိုင်သေးတယ်"ဟု ပြောပြသည်။

ဝင်းဝင်းရုံတွင် ဗိုလ်ကလေးတင့်အောင် တင်ဆက်ခဲ့သော ပြဇာတ်များမှာ အပြုံးလက်ဆောင်၊ နှစ်ကိုယ်သစ္စာ၊ ထိုက်သူတန်သူ၊ ချစ်လင်းရောင်ခြည်၊ မြင့်သူမြတ်သူ၊ မေတ္တာရေယာဉ်၊ မွေးမေမေ၊ဝါကျွတ်ပေါ့သက်ဝေ၊ လင်းလုလုရောင်နီ၊ လာလာလေလိုက်ခဲ့တော့၊ မြေပဒေသာ၊ ရွှေရိုးရွှေနွယ်၊ သံသာလေကမ်းတိုင်၊ခိုင်းတော့သက်ဝေ၊ပြန်လည်၍ဆုံသည့်တိုင်၊မျှော်လင့်ခုတိုင်၊ နှောင်းချစ်၊ ပွဲတင်၊ဝါကျွတ်ပြီဆိုမှဖြင့်၊ နှောင်းကြိုးကို ငင်ပါ့မယ်လေ၊ ချစ်အမြုတေ၊နှင်းဝေဝေ၊ ချစ်မိုးချစ်မြေ၊ ရွှေလမ်းငွေလမ်းတို့ ဖြစ်ကြောင်း သိရသည်။

ဗိုလ်ကလေးတင့်အောင်၏ထင်ပေါ်ကျော်ကြားသော တေးများမှာ ဇရာ၊ ဂီတအခြေခံ၊ဂျင်မလေးဂျမ်း၊ တက္ကသိုလ်ကျောင်းသူတစ်ဦး၊ မွေးလွန်းသည့်ပန်းမနမ်းဝံ့ပြီ၊ မျက်ဝန်းလဲ့ပြာပြာ၊ မေတ္တာဟူသည်၊ သက်ဆိုင်သူသို့တို့ ဖြစ်သည်။

ထိုခေတ်က ပြဇာတ်များမှာ အခန်းပေါင်း ၃၂ခန်းမှ ၃၆ခန်းလောက်သာ ရှိကြောင်း၊ ပြသချိန်မှာ သုံးနာရီခွဲဝန်းကျင်ကြာပြီး ညစဉ် ၇ နာရီခွဲမှ ၁၀ နာရီခွဲခန့်အထိ ပြသကြောင်း သိရသည်။

ဝဇီရာရုံတွင် တင်ဆက်ပြသခဲ့သော ဂုဏ်တုဂုဏ်ပြိုင် ပြဇာတ်မှ မင်းသား မင်းသမီးများ ပိုစတာ။

ဆက်လက်၍ဗိုလ်ကလေးတင့်အောင်က ဓာတ်ပြားခေတ်နှင့် ရုပ်ရှင် ဒါရိုက်တာ လုပ်ခဲ့ပုံများကို ဆက်လက် ပြောပြရာ **"၁၉၅၂ခုနှစ်မှာမြန်မာ့ဂုဏ်ရည် လီမိတက်က ဓာတ်ပြား သီချင်းတွေ သွင်းပါတယ်။ အဲဒီမှာလဲ ကျွန်တော် ကိုတင်အောင် နာမည်နဲ့ သီချင်းတွေဆိုပါတယ်။ အဲဒီခေတ်မှာ ကြည်ကြည်ဌေး၊ မင်းသား ခင်မောင်မြင့်၊ မောင်ကိုကို၊ အဆိုတော် မောင်မောင်ကြီးတို့ သီဆိုခဲ့ကြပါတယ်။**

"၁၉၅၇ခုနှစ်မှာတော့ ကျွန်တော့်ရဲ့ ပြဇာတ် "နှောင်းကြိုးကို ငင်ပါ့မယ်လေ" ဇာတ်ကားကို ရုပ်ရှင်ရိုက်ပါတယ်။ အဲဒီမှာ ကျွန်တော် ရုပ်ရှင်ဒါရိုက်တာ စလုပ်ခဲ့ပါတယ်။ ၁၉၇၉ခုနှစ်အထိ ဇာတ်ကားပေါင်း ၁၂ကားရိုက်ခဲ့ပါတယ်။

"၁၉၆၃ခုနှစ် ကနေဒီကျွန်းမှာ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ ပွဲတွေလုပ်ပြီး ဂီတပဒေသာ၊ ဂီတဆည်းဆာ၊ ရုပ်ရှင်သမားတွေနဲ့တွဲတဲ့ ပြည်ထောင်စုပဒေသာကပွဲတို့ကို တင်ဆက်ခဲ့ပါတယ်။

"၁၉၆၅ခုနှစ် မတ်လမှာ တောင်သူလယ်သမားနေ့အတွက် ကျိုက္ကဆံ မှာ ဆရာစံပြဇာတ် ကပါတယ်။ အဲဒီမှာ မင်းသားကြီး ဦးကျော်အေးက ဆရာစံ လုပ်ပါတယ်။ ဒီဆရာစံပြဇာတ်ဟာလည်း အရေးတော်ပုံမှာ ပါဝင်တဲ့ လူတွေကို ခေါ်ပြနိုင်တာကြောင့် အထူးအောင်မြင်ခဲ့တဲ့ ပြဇာတ်ပါပဲ။

"၁၉၅၇ ခုနှစ်မှာတော့ပရိသတ်များရဲ့ တောင်းဆိုမှုအရ အထက်မြန်မာပြည်၊ အောက်မြန်မာပြည်အနှံ့ ပြဇာတ်တွေ နယ်လှည့် ကပြခဲ့ပါသေးတယ်။ အဲဒီမှာ ကြည်ကြည်ဌေး၊ မျိုးချစ်၊ ခင်မောင်မြင့်နဲ့ ဖိုးပါကြီးတို့ အဓိကပါဝင်ခဲ့ပါတယ်။

"၁၉၈၈ခုနှစ်မှာတော့ ဝဇီရာရုံမှာ ဂုဏ်တုဂုဏ်ပြိုင်ပြဇာတ် ကပြခဲ့ပါတယ်။ ဒီဝဇီရာ ပြဇာတ်ဟာလဲ အောင်မြင်ကျော်ကြား လူကြိုက်များခဲ့တဲ့ ပြဇာတ်ပါပဲ။ ၁၉၉၃ခုနှစ်မှာတော့ နိုင်ငံတော်က ကြီးမှူးကျင်းပတဲ့ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွေမှာ နှစ်စဉ်နှစ်တိုင်း အကဲဖြတ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်"ဟု ပြောပြသည်။

ဗိုလ်ကလေး တင့်အောင်သည် ပြဇာတ်၊ ဂီတ၊ရုပ်ရှင်တွင်သာမက စာပေနယ်ပယ် တွင်လည်း ထူးချွန်သူတစ်ဦး ဖြစ်သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်က ပန်းဝက်ပါ (ပြဇာတ်) စာအုပ်ဖြင့် အမျိုးသားစာပေ ဆုကိုဆွတ်ခူးနိုင်ခဲ့သူ ဖြစ်သည်။ ထို့အပြင် လူမှုထူးချွန် ပထမဆု၊ ဝိဇ္ဇာပညာထူးချွန် ဆုများကိုလည်း နိုင်ငံတော်က ချီးမြှင့်ခံရသူဖြစ်သည်။

ယခုအခါ ဘဘဗိုလ်ကလေးတင့်အောင်သည် အသက် ၈၆ နှစ်ရှိနေပြီဖြစ်ပြီး ပြဇာတ်၊ ဂီတ၊ ရုပ်ရှင်၊ စာပေစသော နယ်ပယ်အသီးသီးတွင် ဆက်လက်၍ တာဝန်များထမ်းဆောင်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား China Power Investment (CPI) မှ Director General တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment (CPI) မှ Director General မစ္စတာဆောင်ပေါင်ကျင်နှင့်အဖွဲ့သည် ဇန်နဝါရီ၃၁ရက် ညနေပိုင်းက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေနံချောင်းမြို့ အမှတ်(၁)အထကတွင် ဆရာတော် အရှင်ဆန္ဒာဓိက မတည်လှူဒါန်းဆောက်လုပ်သော ရွှေပါရမီ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ရေနံချောင်းမြို့မှ အစ်မ မချိုနှင့် ဦးဝင်းအောင်-ဒေါ်မငယ်၊ သမီး အေးသီစံ၊ သား ကောင်းထက်စံ မိသားစုက လှူဒါန်းငွေကျပ် ငါးသိန်းကို ကျောင်းအကျိုးတော်ဆောင် ဦးမိုးအောင်စံထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မင်္ဂလာတောင်ညွန့် မြို့နယ် ကျန်းမာရေးကော်မတီက ကြီးမှူး၍ မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းစဉ် များ အသိပေးရှင်းလင်းပွဲကို ဇန်နဝါရီ ၂၆ ရက်က အထက(၁) ကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက ပိုးလောက်လမ်းစားငါးများပေးအပ်စဉ်။ (၁၂၃)

အသင်းဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ နေပြည်တော်ပျဉ်းမနား ခရိုင်နှင့်မြို့နယ် အမှုဆောင်များတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် နေပြည်တော်ပျဉ်းမနားခရိုင်၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေး၊ နေပြည်တော်တပ်ကုန်းမြို့နယ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံပွဲကို ဇန်နဝါရီ ၃၀ရက် ညပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အမှာစကားပြောကြားပြီး နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးခင်မောင်ဌေး၊ နေပြည်တော်ပျဉ်းမနားမြို့နယ်အသင်း အတွင်းရေးမှူးဦးမြင့်ကျော်၊ နေပြည်တော်လယ်ဝေးမြို့နယ်အသင်း အတွင်းရေးမှူး ဦးဌေးဝင်း၊ နေပြည်တော်တပ်ကုန်းမြို့နယ်အသင်း အတွင်းရေးမှူး ဦးဖေအုံ့မောင်၊ နေပြည်တော်ပျဉ်းမနား ခရိုင်အသင်း တွဲဖက်အတွင်းရေးမှူးဦးဇော်တင့်တို့က မိမိခရိုင်နှင့်မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။ **(ဝ၈၃)**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက် ဆောက်လုပ်နေပြီဖြစ်သော လေးထပ် ဘောဇနဆောင်အတွက် ဦးမျိုးမြင့်-ဒေါ်သိန်းသိန်းဝင်း၊ သား ဘိုဘိုမျိုးမြင့်၊ ငြိမ်းကိုကို၊ သမီး နွေးနိုနိုဝင်း မိသားစု (Zarni Super Boy Fancy Shop) ယုဇနပလာဇာ အမှတ် ၉၀ အောင်မင်္ဂလာလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်က ငွေကျပ်ဆယ်သိန်း၊ ဒေါ်မြင့်မြင့်စိန် သားသမီး မြေးတစ်စု (စနေဗိုလ်) မိသားစု အမှတ်၁၀၂ ဦးချစ်မောင်လမ်း ဗဟန်းမြို့နယ်က ငွေကျပ်ငါးသိန်း၊ ဦးကျော်နိုင်-ဒေါ်မြင့်မြင့်သန်း မိသားစု အေးရိပ်မွန်လမ်း ဘုရင့်နောင်က ငွေကျပ်ခုနစ်သိန်း၊ Emer Ald Mar တရုတ်(တိုင်ပေ)က ငွေကျပ်ငါးသိန်း၊ ဦးမောင်ပို-ဒေါ်သွယ်သွယ်စိုး မိသားစု နန္ဒဝန်လမ်း ဗဟန်းမြို့နယ်က ငွေကျပ်ငါးသိန်း၊ ဒေါ်နီ မိသားစု မနော်ဟရီလမ်း ဒဂုံမြို့နယ်က ငွေကျပ်ငါးသိန်း၊ ခြောက်သောင်း၊ဦးဘစိန်နှင့် သားသမီးတစ်စု မလွကုန်းလမ်း တာမွေမြို့နယ်က ငွေကျပ် ငါးသိန်း အသီးသီးလှူဒါန်းကြသည်။ စုပေါင်း၍ ဆောင်ရွက်လိုပါက ဖုန်း- ၅၄၁၈၆ဝသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၂-၂၀၀၈(တနင်္လာနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	သံယောဇဉ်ဖြတ်မှုနိဗ္ဗာန်ရတရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၈:၀၅ - ၂:၀၅	Soccer Update
၈:၂၀ - ၂:၂၀	ကင်ဆာရောဂါ သတိပြုစရာ (ဒေါက်တာသီတာစန်း)
၈:၄၀ - ၂:၄၀	တေးဂီတအစီအစဉ်
၈:၄၅ - ၂:၄၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉:၀၅ - ၃:၀၅	ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့် အချက်များ
၉:၁၅ - ၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅ - ၃:၂၅	လူငယ်ထုအကျိုး တစ်ဖက်တစ်လမ်းမှသယ်ပိုးပြည်ခိုင်ဖြိုး
၉:၃၅ - ၃:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၀ - ၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅ - ၃:၄၅	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာကိုချိုလွင်နှင့် တွေ့ဆုံခြင်း)
၁၀:၀၀ - ၄:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅ - ၄:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀ - ၄:၁၀	ACTIVITIES IN THE CITY
၁၀:၃၀ - ၄:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀ - ၄:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅ - ၄:၄၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမဖြူနှင့် တွေ့ဆုံခြင်း)
၁၁:၀၅ - ၅:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၀ - ၅:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅ - ၅:၁၅	မြို့မန္တလာရဲ့ မန်းမြန်မာ
၁၁:၃၀ - ၅:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅ - ၅:၃၅	MRTV-4 ကျန်းမာရေးကဏ္ဍ (အူမကြီးကင်ဆာနှင့် မစင်အိမ်ကင်ဆာအကြောင်း) (ဒေါက်တာဥာဏ်သိန်းနှင့် တွေ့ဆုံခြင်း)
၁၂:၁၅ - ၆:၁၅	၂၀၀၅ခုနှစ် အကယ်ဒမီညမြင်ကွင်းများ(ရုပ်ရှင်ဓာတ်ပုံဆု၊ အမျိုးသမီးဇာတ်ပို့ဆု)
၁၂:၄၅ - ၆:၄၅	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cup of Nations(2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ကွာတားဖိုင်နယ်ပွဲစဉ်	ပြသမည့်လိုင်း
၁၁:၃၀	Egypt-Angola	Euro Sport(Live)
၃:၀၀	Tunisia-Cameroon	Euro Sport(Live)

ခရီးသည်တင်ယာဉ် ဘရိတ်ပေါက် အကြော်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်ဝင်တိုက်

ရန်ကုန် ဖေဖော်ဝါရီ ၃

အမှတ် ၁၀၅(အဖြူ)ယာဉ်လိုင်းမှ ယာဉ်မောင်း မောင်မောင်ညီ မောင်းနှင်သည့် ယာဉ်အမှတ် ၃က/၅၁၀၂ သည် ခရီးသည်များတင်ဆောင်လျက် ဗညားဒလလမ်းအတိုင်း တာမွေမှ ရန်ကုန်ဘက်သို့အသွား သီတာလမ်းမှတ်တိုင်အရောက်တွင် ဘရိတ်ပေါက်ပြီး လမ်းထိပ်တွင် အကြော်ရောင်းသည့်ဆိုင်အား ဝင်တိုက်မိပြီး လမ်းပေါ်တွင် ရပ်နေသူ ၁၄၅လမ်း အရိုးကုန်းရပ်ကွက်နေ ကျူရှင်ဆရာ ဒီအောင်နိုင်အား ဆက်လက်တိုက်မိသည်။ ထို့နောက် အဆိုပါယာဉ်သည် ၁၄၆ လမ်း ဖောင်းဖောင်းလက်ဖက်ရည်ဆိုင်အတွင်း ဝင်ရောက်သွားပြီး လက်ဖက်ရည်ဆိုင်ဘေးတွင် ရပ်ထားသော ဆိုက်ကားအမှတ် တမန/၀၃၄၃အား ထပ်ဆင့်တိုက်မိကာ ကားရှေ့ ဘယ်ဘက်အခြမ်း ကြေမွသွားပြီး လေကာမှန်ကွဲသွားကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း မောင်မောင်ညီ (၃၇နှစ်) (ဘ) ဦးမောင်မောင်ထွေး အမှတ်၅ မာဃလမ်း ၄/က ရပ်ကွက် သင်္ဃန်းကျွန်းနေသူအား ယာဉ်မှုစစ် ဒုရဲအုပ်အောင်မြင်ထွန်းက စစ်ဆေးအရေးယူထားသည်။ **(၁၇၁)**

မြန်မာ့အလင်း မှုခင်းသတင်းများ

ဝန်ထမ်းကြိုပို့တီအီးကားရှပ်ပြုတ်ပြီး လမ်းဘေးရပ်ထားသော ကားကို ဝင်တိုက်မိ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ၁၆/၃ရပ်ကွက် ဝေဇယန္တာလမ်းမတွင် ဖေဖော်ဝါရီ ၁ရက် ညနေ ၃နာရီ၄၅မိနစ်ခန့်က သင်္ဃန်းကျွန်း အသင်းတိုက်ဘက်မှ ၁၆ကွေ့ဘက်သို့ မောင်းလာသော တီအီးကားတစ်စီး စတီရင်ယာအံ့ ရှပ်ပြုတ်၍ ရှေ့မှ ရပ်ထားသောကားတစ်စီးအား ဝင်တိုက်မိမှု ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ဝန်ထမ်းကြိုပို့ တီအီး ထ/၇၉၁၂ ယာဉ်မောင်း ဝင်းဇော်(ခ) အောင်ဝင်း(၄၃နှစ်) (ဘ)ဦးကျော်ဝင်းသည် တာမွေလေး သကြားလုံးစက်ရုံမှ လှိုင်မြို့နယ် သကြားလုံးစက်ရုံသို့ အပြန် ဝေဇယန္တာလမ်းမပေါ်၌ မောင်းလာစဉ် ပြည်သာယာ အားကစားကွင်းရှေ့အရောက် ကား၏ စတီရင်ယာအံ့ ရှပ်ပြုတ်ပြီး အားကစားကွင်း ဘေးရှိ အမှတ်-၃၁၄ ဝေဇယန္တာလမ်းမ နေအိမ်ရှေ့၌ ရပ်ထားသော ပိုင်ရှင် ဦးထွန်းကြည်၏ ရှမ်းစတား ငွေရောင်ပစ်ကပ်ကားအား ဝင်ရောက်တိုက်မိသည်။ အဆိုပါပစ်ကပ်ကားမှာ ယင်းနေအိမ်ရှေ့ အုတ်ခုံပေါ်သို့ တက်သွားပြီး နောက်မှ တီအီးကားမှာ လမ်းလယ် အုတ်ခုံကျွန်းကို ဆက်လက်တိုက်မိပြီး ၁၆ကွေ့ဘက်မှ အသင်းတိုက်ဘက်သို့ အသွားတစ်ဖက်ကားလမ်းမပေါ်သို့ ကန့်လန့် ပြန်ရောက်ရှိကာ ရပ်သွားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ တီအီး ထ/၇၉၁၂ယာဉ်မောင်း ဦးဝင်းဇော်(ခ)အောင်ဝင်းအား ယာဉ်မှုစစ်မှုပုဒ်မ ၂၇၉အရအမှုဖွင့်အရေးယူထားသည်။ **(၁၂၁)**

တစ်ကိုယ်တော်ကားသူခိုး လေးနာရီအတွင်း ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၃

ရန်ကုန်မြို့ စည်ပင်အရာရှိဝင်း တာမွေမြို့နယ်နေသူ ဦးနေဝင်းလှိုင်သည် ဇန်နဝါရီ၃၁ရက်နံနက်၅နာရီက ကန်တော်ကြီး မြေပဒေသာကျွန်း ဆင်ရုပ်များအနီးတွင် ၎င်းပိုင် အက်စ်အီး ဆလွန်းအဖြူရောင် ကိုယ်ပိုင်ယာဉ်ကို ရပ်ထားပြီး ကျန်းမာရေးအတွက် လမ်းလျှောက် လေ့ကျင့်ခန်းပြုလုပ်ရာမှာ ၄၅မိနစ်ခန့်အကြာ ပြန်လည်ရောက်ရှိစဉ် ယာဉ်မှာပျောက်ဆုံးနေကြောင်း သိရသည်။

ယာဉ်နှင့်အတူ လက်ကိုင်ဖုန်းတစ်လုံး၊ ငွေ ကျပ်၃၀၀၀နှင့် ယာဉ်မောင်းလိုင်စင်တို့ ပါရှိသွားကြောင်း ဗဟန်းရဲစခန်းသို့ အကြောင်းကြားလာခဲ့သဖြင့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့က ပိတ်ဆို့ ဖမ်းဆီး ဆောင်ရွက်စေခဲ့ရာ နံနက်၈နာရီ၂၅မိနစ်တွင်ဒုရဲမှူးမြင့်အောင်ဦးစီး ယာဉ်ထိန်းတပ်ဖွဲ့က တိုးကြောင်ကလေးဘုတာအနီး ရထားသံလမ်းဂိတ်တွင် ပျောက်ဆုံးယာဉ်ကို လင်းလင်း(ခ)လင်းလင်းအောင် (၃၅နှစ်) (ဘ) ဦးလင်းအောင် သင်္ဃန်းညီနောင်ကျေးရွာ မြဝတီမြို့နေသူနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံလင်းလင်း(ခ) လင်းလင်းအောင်အား စစ်ဆေးချက်အရ ၎င်း၏ အမည်နေရပ်မှန်မှာ အောင်ကျော်(၃၅နှစ်)အမှတ်၁၃၂ ယုဇနလမ်း (၁၄)ရပ်ကွက် တောင်ဥက္ကလာပ ဖြစ်ကြောင်း၊ ၎င်းသည် ၁၉၉၉ ခုနှစ်က ဒဂုံ၊ မင်္ဂလာတောင်ညွန့်၊ ပန်းဘဲတန်းနှင့် လသာမြို့နယ်များမှ ကားခိုးမှုခုနစ်မှုဖြင့် ပြစ်ဒဏ် ၁၉နှစ်ကျကာ သာယာဝတီထောင်သို့ ရောက်ရှိခဲ့ပြီး ရဲဘက်စခန်းမှ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလခန့်တွင် ထွက်ပြေးခဲ့သော ရဲဘက်ပြေးတစ်ဦး ဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ် မေလတွင် လသာမြို့နယ်၌ ကားခိုးမှုနှစ်မှု ကျူးလွန်ခဲ့ပြီး ဖမ်းဆီးခံရစဉ် လင်းလင်း(ခ)လင်းလင်းအောင် (ဘ) ဦးလင်းအောင် သင်္ဃန်းညီနောင်ရွာ မြဝတီမြို့နယ်နေသူဟု အမည်နှင့်နေရပ်လိပ်စာများ လိမ်လွှဲပြောဆိုခဲ့ကြောင်းနှင့် ၎င်းအမှုနှစ်မှုနှင့် ပြစ်ဒဏ်ခြောက်နှစ်ကျခံခဲ့ရာမှ ၂၀၀၇ ဒီဇင်ဘာ ၁၅ရက်တွင် တွံတေးမြို့နယ် ရွှေသူဌေး ရဲဘက်စခန်းမှ ထပ်မံထွက်ပြေးခဲ့ပြန်ကြောင်း၊ ဒီဇင်ဘာ၁၇ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး ယခုကားခိုးမှုအား ကျူးလွန်ထွက်ပြေးစဉ် ဖမ်းဆီးခံရခြင်း ဖြစ်ကြောင်း၊ အောင်ကျော်(ခ)လင်းလင်းအောင်သည် ခိုးယူရရှိသော ကားများမှ စက်သုံးဆီ ထုတ်ယူရောင်းချခြင်း၊ အလွယ်တကူ ဖြုတ်ယူနိုင်သည့် ကားအပိုပစ္စည်းများအား ဖြုတ်ယူရောင်းချခြင်းတို့ ပြုလုပ်ပြီး ယာဉ်ကို မြို့စွန်များတွင် ရပ်ထားခဲ့လေ့ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဗဟန်းရဲစခန်းမှ ပြစ်မှုပုဒ်မ ၃၇၉(ကား) ဖြင့် အမှုဖွင့်ပြီး ပြစ်ချက်ဟောင်းများ ဖော်ထုတ်စစ်ဆေးကာ ထိရောက်ပြစ်ဒဏ်ရရှိရေးအတွက် အမှုအားခိုင်မာစွာ တည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အနာကြီးရောဂါကင်းဝေးဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်စို့

မြန်မာနိုင်ငံတွင် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးဟူသော ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို နိုင်ငံတော်က အမျိုးသားကျန်းမာရေး တာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ၎င်းနှင့်ဆက်နွယ်နေသော ဝန်ကြီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအနက် အနာကြီးရောဂါကင်းဝေးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အထူးအောင်မြင်မှုရှိခဲ့ပြီး ၂၀၀၃ခုနှစ် ဇန်နဝါရီလကုန်တွင် တစ်နိုင်ငံလုံး၌ အနာကြီးရောဂါ ကင်းဝေးပြီး ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် မတည်ရှိတော့သည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။

ထို့ကြောင့် ရန်ကုန်မြို့တွင် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလက ကျင်းပခဲ့သည့် တတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါကင်းဝေးရေး ညီလာခံကြီး၌ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံများနှင့် စေတနာရှင်နိုင်ငံတကာ အဖွဲ့အစည်းများ၏ရှေ့တွင် မြန်မာနိုင်ငံအနေဖြင့် အနာကြီးရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်မှ ကင်းဝေးသည့် နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြု ခံရပြီးဖြစ်ကြောင်းကို ဂုဏ်ယူဝံ့ကြွားစွာ ကြေညာနိုင်ခဲ့ပေသည်။ ၁၉၅၂ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ နှစ်ပေါင်း ၅၀ကြာ ကြိုးပမ်းအားထုတ်ခဲ့ရခြင်းကြောင့် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်ကို အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ပြီ ဖြစ်သည်။

နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံတွင် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်မှ ကင်းဝေးအောင် ဆောင်ရွက်နိုင်ခဲ့မှုကို ဂုဏ်ပြုသောအားဖြင့် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ကို ကျင်းပပြုလုပ်ခဲ့သည်မှာ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၆ရက်နေ့တွင် ပဉ္စမအကြိမ်မြောက် ရှိပြီဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် အနာကြီးရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် ကျန်ရှိနေသောနိုင်ငံများမှာ–

(၁) ဘရာဇီး
(၂) ကွန်ဂို
(၃) မိုဇမ်ဘစ်
(၄) နီပေါ
(၅) တန်ဇန်းနီးယားနိုင်ငံတို့ဖြစ်ပေသည်။

ယခုအချိန်တွင် အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာ ဖြစ်ပွားခဲ့သော နိုင်ငံ ၁၂၂နိုင်ငံအနက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၁၇နိုင်ငံတွင် အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်မှ ဖယ်ရှားနိုင်ခဲ့ပြီဖြစ်ပါသည်။

အနာကြီးရောဂါသည် အရေပြားနှင့် အာရုံကြောကို ထိခိုက်ပျက်စီးစေပြီး စောစောစီးစီး၊ စနစ်တကျ ကုသမှုခံယူခြင်း မရှိပါက ကိုယ်အင်္ဂါချို့ယွင်း ပျက်စီးစေတတ်သော ရောဂါဖြစ်ပါသည်။ လူတိုင်း ရုပ်ပျက်ဆင်းပျက် ခန္ဓာကိုယ်ပျက်စီးမည်ကို ကြောက်ရွံ့ကြသည်။ ထို့ကြောင့် လူနာများကို ရွံရှာကြသည်။ လင်နှင့်မယား၊ သားနှင့်အမိ ရောဂါဖြစ် လျှင်ပင် ရင်နာနာဖြင့် ခွဲခြားထားခဲ့ကြသဖြင့် ရောဂါတိုက်ဖျက်ရေးအတွက်အလွန်ကြီးမားသော အဟန့်အတားကြီးဖြစ်ခဲ့သည်။ ဆေးပညာရှင်များ ကြိုးပမ်းမှုဖြင့် ၁၉၄၁ ခုနှစ်တွင် ဆာလဖုံးဆေးကို အနာကြီးရောဂါကုသရာ၌ စတင်သုံးခဲ့ပြီး လူနာများအတွက် မျှော်လင့်ချက် ရောင်ခြည် သမ်းခဲ့ရသည်။ ဆာလဖုံးဆေးတစ်မျိုးတည်းကို အသုံးပြုရာတွင် လူနာများအား ငါးနှစ်မှ တစ်သက်လုံး တိုက်ကျွေးခဲ့ရပြန်သည်။ ၁၉၆၄ ခုနှစ်တွင် ဆာလဖုံးဆေးမတိုးတော့သော ပြဿနာ စတင်ပေါ်ပေါက်လာပြီး လူနာများအတွက် ဆေးဝါးကုသရေးအခက်အခဲ ထပ်မံကြုံတွေ့ခဲ့ကြသည်။ ဤသို့ ဆာလဖုံးဆေးတစ်မျိုးတည်းဖြင့် ကုသခဲ့ရာမှ ၁၉၈၂ ခုနှစ်မှ စတင်၍ ယခုလက်ရှိအသုံးပြုနေသော MDT (Multi Drug Therapy)ဆေးပေါင်းကျွေးကုထုံးကို စမ်းသပ် အသုံးပြုနိုင်ခဲ့ရာ လူနာများ ခြောက်လမှ တစ်နှစ်အတွင်း ရောဂါပျောက် ကင်းအောင် ကုသပေးနိုင်ခဲ့ပြီဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၉၈၂ခုနှစ်မှ စ၍ အနာကြီးရောဂါ လူနာများကို ယင်း MDT ကုထုံးဖြင့် ကုသရန် ထောက်ခံ အတည်ပြုခဲ့သည်။

ဆေးကုသချိန် တိုတောင်းခြင်း၊ ဆေးစွမ်းထက်ခြင်းကြောင့် လူနာများ ယုံကြည်အားကိုးစွာ လက်ခံလာကြသည်။ ဤသို့ MDT ပေါ်ပေါက်ပြီး ၁၀ နှစ်တာကာလအတွင်း လူနာများ ရောဂါဖြစ်ပွားမှု သိသိသာသာ ကျဆင်းလာခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၉၉၁ ခုနှစ်တွင် အနာကြီးရောဂါကို သက္ကရာဇ် ၂၀၀၀ အရောက်တွင် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ပပျောက်စေရန် "အနာကြီးရောဂါ ကင်းဝေးရေး"ရည်မှန်းချက်ကို ၁၉၉၁ ခုနှစ်မှ စတင် ချမှတ်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၅၂ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ကျေးရွာများအရောက် ကွင်းဆင်း၍ လူနာများရှာဖွေပြီး Dapsone (ဒက်ပဆုံး) ဆေးတစ်မျိုးတည်း တိုက်ကျွေးမှုကို စတင်ဆောင်ရွက်ပေးခဲ့သည်။ Dapsoneဆေး ယဉ်ပါးမှု ပြဿနာဖြစ်ပွားခဲ့၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်ဖြစ်သော MDT ကုထုံးကို ၁၉၈၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။

ဒေါက်တာကျော်မြင့်
(စီမံချက်မန်နေဂျာ)

၁၉၈၈ ခုနှစ်တွင် အနာကြီးရောဂါအဖြစ်များသော စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းများတွင် တစ်ပြည်လုံး၏ ၈၅ ရာခိုင်နှုန်းသော လူနာများကို MDT ဆေးတိုက်ကျွေးနိုင်ခဲ့သည်။ MDT လွှမ်းခြုံမှုပိုမိုကောင်းမွန်စေရန် အခြေခံကျန်းမာရေး ဝန်ထမ်းများက MDT ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ၁၉၉၀ ပြည့်နှစ်မှ စ၍ ပေါင်းစည်းဆောင်ရွက်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် တစ်ပြည်လုံးရှိ လူနာများအားလုံး ရာခိုင်နှုန်းပြည့်နှင့် ၁၉၉၆ ခုနှစ်တွင် နယ်စပ်ဒေသပါ မကျန် နယ်မြေလွှမ်းခြုံမှုရာခိုင်နှုန်းပြည့်ရအောင် ဆောင်ရွက်ခဲ့သည်။

အနာကြီးရောဂါ ကင်းဝေးရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအနေဖြင့် စီမံရေးရာကိစ္စရပ်များကို အားဖြည့်ဆောင်ရွက်ပေးနိုင်သကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ အနာကြီးရောဂါ ကူညီထောက်ပံ့ရေးအဖွဲ့အစည်းများကလည်း လိုအပ်သော ပံ့ပိုးကူညီမှုများကို ထောက်ပံ့ပေးခဲ့ကြသည်။

ထို့အတူ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ နီးနွယ်ဆက်စပ်နေသော ဌာနများအပြင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးစသည့် ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြပေသည်။

ထိုသို့ ကူညီဆောင်ရွက်ရာတွင် အထက်ပါ အဖွဲ့အစည်းများမှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ပုဂ္ဂိုလ်များပါဝင်သော အမျိုးသား အနာကြီးရောဂါကင်းဝေးရေး အရှိန်အဟုန်မြှင့်လုပ်ငန်း ကော်မတီကို ဖွဲ့စည်းပြီး အနာကြီးရောဂါ ကင်းဝေးရေးရည်မှန်းချက်ကို အောင်မြင်အောင် တက်တက်ကြွကြွ ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ အနာကြီးရောဂါဖြစ်ပွားမှုအခြေအနေကို ပြန်ပြောင်းလေ့လာလျှင်–

၁၉၇၇ ခုနှစ်တွင်	လူဦးရေတစ်သောင်းလျှင်	၈၆ ဒသမ	၂ ဦး
၁၉၈၇ ခုနှစ်တွင်	။	၅၃ ဒသမ	၄ ဦး
၁၉၉၇ ခုနှစ်တွင်	။	၂ ဒသမ	၉ ဦး
၂၀၀၇ ခုနှစ်တွင်	။	၀ ဒသမ	၄၉ ဦး

စသည်ဖြင့် အနာကြီးရောဂါဖြစ်ပွားမှု တဖြည်းဖြည်း လျော့နည်းကျဆင်းသွားခဲ့သည်ကို တွေ့မြင်ရပေသည်။

အနာကြီးရောဂါတိုက်ဖျက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရန်များကို ဖော်ပြလိုသည်။

၎င်းတို့မှာ–

–အနာကြီးရောဂါ ကင်းဝေးရေးကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့်

–ရောဂါကြောင့် ကိုယ်အင်္ဂါချို့ယွင်းပျက်စီး၍ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခများ ဆုံးရှုံးနေသူများအား မူလလူ့အသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ဆံ့နိုင်အောင် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများပင်ဖြစ်သည်။

အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ဖယ်ရှားနိုင်ခဲ့သော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ရှေ့ဆက်လက်ဆောင်ရွက်ရန် ချမှတ်ခဲ့သော ၂၀၀၆–၂၀၁၀ နည်းဗျူဟာများအရ မြန်မာနိုင်ငံတွင်–

(၁) Disease Burden အနာကြီးလူနာများ အရေအတွက် ဝန်ထုပ်ဝန်ပိုးကို ရှေ့ဆက်လျော့နည်းနိုင်သမျှ လျော့နည်းစေရေး။
(၂) Disability Burden ရောဂါကြောင့် အာရုံကြော ထိခိုက်ပျက်စီး၍ ရနိုင်သော ကိုယ်အင်္ဂါမသန်မစွမ်းဖြစ်မှု ဝန်ထုပ်ဝန်ပိုးကို ရှေ့ဆက်လျော့နည်းနိုင်သမျှ လျော့နည်းစေရေး။
(၃) Social Burden ရောဂါကြောင့်ဖြစ်စေ၊ ရောဂါ၏ နောက်ဆက်တွဲ ကိုယ်အင်္ဂါ မသန်မစွမ်းမှုကြောင့်ဖြစ်စေ ကြုံတွေ့နေကြရသော လူနာများ၏ လူမှုရေးပြဿနာများလျှော့ချရေး။
(၄) အရည်အသွေးပြည့်မီသော အနာကြီးရောဂါဆိုင်ရာလုပ်ငန်းများ Quality Leprosy Services ကို ဆောင်ရွက်ခြင်းဖြင့် ကိုယ်အင်္ဂါချို့ယွင်းမှု မသန်မစွမ်းဖြစ်မှုများ ကာကွယ်ရေး။
(၅) လူနာများနှင့် မိသားစုများအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လူမှုစီးပွားရေးဆိုင်ရာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပြည်သူလူထုအခြေပြုနည်းအားဖြင့် ဆောင်ရွက်ရေးတို့ကို ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ပြည်တွင်းပြည်ပ စေတနာရှင် လူမှုရေးအဖွဲ့အစည်းများ နီးနွယ်နေသော ဝန်ကြီးဌာနများ၊ မီဒီယာများမှ ပုဂ္ဂိုလ်များနှင့် စေတနာရှင်ပုဂ္ဂိုလ်များ

စသည်တို့နှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

အနာကြီးရောဂါလူနာများရှာဖွေဖော်ထုတ်ကုသရာ၌ အရေပြားပေါ်တွင် အဖြူကွက်အနီကွက်စသော ထုံကျင်နေသည့် မသက်ာဖွယ်အကွက်တွေ့လျှင် နီးစပ်ရာ ကျန်းမာရေးဌာနသို့ မရှက်မကြောက် စောစီးစွာ လာရောက်ပြသစေရန် အထူးလိုအပ်ပါသည်။

၁၉၈၈ခုနှစ်မှစ၍ ၂၀၀၇ခုနှစ်ကုန်အထိ မြန်မာနိုင်ငံတွင် MDT ဆေးကျွေး ကုသပျောက်ကင်းသူဦးရေ နှစ်သိန်းခုနစ်သောင်းကျော် အထိ ရှိခဲ့ပါသည်။ ယင်းဆေးသောက်ပြီးသော လူနာဟောင်းများ၏ ခန္ဓာကိုယ်တွင် ရောဂါပိုးကင်းစင်၍ အခြားသူများသို့ ရောဂါကူးစက်မှု လုံးဝမရှိတော့ပါ။ သို့ရာတွင် အာရုံကြောထိခိုက်ပျက်စီးမှုကြောင့် ဖြစ်တတ်သော ခြေ၊ လက်၊ မျက်နှာတစ်ခုခု(သို့မဟုတ်)တစ်ခုထက်ပို၍ ပျက်စီးနေသောသူများသည် လူနာဟောင်းများ၏ ၃၀မှ ၃၅ရာခိုင်နှုန်း အထိရှိနေသည်။ ၎င်းလူနာဟောင်းများနှင့် မိသားစုတို့အား ရုပ်ပိုင်း၊ စိတ်ပိုင်း၊လူမှုစီးပွားရေးပိုင်းဆိုင်ရာများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရန် ကျန်ရှိနေရာ ပြည်သူ တစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ရန် အထူးအရေးကြီးလှပေသည်။ "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"ဟူသော လူမှုရေးဦးတည်ချက်နှင့်အညီ အနာကြီးရောဂါဝေဒနာရှင်များ၏ လူနေမှုဘဝမြှင့်တင်ရေးမှာလည်း အရေးကြီးသော ကဏ္ဍတစ်ရပ် ဖြစ်ပါသည်။

ဤကဲ့သို့ နှစ်ပေါင်းများစွာ အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်ခဲ့သော အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်ဆောင်ရွက်မှုကို မှတ်တမ်း တင်ဂုဏ်ပြုရင်း ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၆ရက်နေ့တွင် ကျရောက်မည့် ပဉ္စမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ကို ကြိုဆိုလိုက်ရပါသည်။ ။

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်
၅–၂–၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

- ၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (၄က်ပျောစိုက်ပျိုးဝင်ငွေတိုး)
- ၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ပြည်ထောင်စုအတွက် ခံယူချက်နှင့် စည်းလုံးခြင်းစိတ်ထား) (ညွှန့်ဟံ–ကြူတော)
- ၁၂:၀၀ သူ့အတွေးနှင့်သူ့အရေး (ကိုယ့်ကိုယ်ကို စောင့်ရှောက်ပါ) (ထက်ကျော်)
- ၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (နှုတ်ခွန်းဆက်သည့် ဧရာဝတီ)
- ၁၂:၄၅ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (ကျောက်စာပါ ရှေးခေတ် မြန်မာသံတမန်ဆက်ဆံရေး– ပါမောက္ခ ဦးကျော်ဝင်း)
- ၁၃:၁၀ ပညာရေးအစီအစဉ် (အဌမတန်း–စာရိတ္တနှင့် လောကနီတိ) (ကံနှင့် ဝီရိယ၊ ဉာဏ်နှင့်သတိ)

ညနေပိုင်း

- ၁၆:၁၀ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
  - (၁) ပင်လုံမြေသက်သေ (စိမ်းအဖွဲ့)
  - (၂) အမိနိုင်ငံသာလျှင် (မြတ်အဖွဲ့)
  - (၃) ပြည်ထောင်စုနှလုံးသား (စိန်ပန်းပြာအဖွဲ့)
- ၁၇:၀၀ တပ်မတော်စာတိုက်
- ၁၇:၁၀ ဟောပြောချက် (ဖွံ့ဖြိုးတိုးတက်သော ရာမညမြေ)
- ၁၇:၃၀ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (အသက်လည်းရှည် အညောင်းပြေ လာလေလမ်းလျှောက်စို့– ပန်းတောင်းသန်းကြွယ်)
- ၁၈:၂၅ ကျေးလက်ဇာတ်လမ်း (အလှဝေဖြာ ပန်းဂန္ဓမာ)
- ၁၉:၁၅ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ကြက်ဟင်းခါးပင်)
- ၁၉:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
  - (၁) မျက်နှာများတဲ့မောင် (ခိုင်ယံ၊ ချောစုခင်)
  - (၂) အချစ်ဆုံးနဲ့ အချစ်ဆုံး (တူးတူး၊ မေဆွိ)
  - (၃) မှားလား (ပလေးဘွိုင်းသန်းနိုင်၊ အယ်လ်ခွန်းရီ)
- ၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) ချစ်ရသည်က အသက်ထက်ဆုံး (ကိုသန်းလှိုင်)
  - (၂) ချစ်သူရှေ့မှောက် ရောက်လေသောအခါ (ခင်မောင်ကြည်)

ပုသိမ် ရေကျော်ကျေးရွာ ခုနစ်ရက်တရားစခန်းပွဲ

ပုသိမ် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ရေကျော်ကျေးရွာ မဟာခမ္မိကာရာမပိဋကကျောင်းတိုက်အတွင်း နှစ်စဉ်ကျင်းပအပ်သော စတုတ္ထအကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကို တပို့တွဲလပြည့်ကျော် ၅ရက်မှ ၁၁ရက် (ဖေဖော်ဝါရီ ၂၆ရက်မှ မတ်၃ရက်)အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲကြီး၌ ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ ရွှေရတနာဆရာတော်အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကောဝိဒ (မိုးကုတ်)နှင့် သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်)တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဉပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားတော်မူမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

လက်ထပ်မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

လက်ပံတန်းမြို့နေ
ဦးထွန်းရှိန်-ဒေါ်အေးအေးမြင့် တို့၏သားထွေး
မောင်ထွန်းထွန်းဦး B.E (Mechanical)
လ/ထအင်ဂျင်နီယာ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန
နှင့်
ရန်ကုန်မြို့နေ
(ဦးလှမင်း)(လ/ထညွှန်ကြားရေးမှူး-ငြိမ်း၊ အိုးအိမ်ဦးစီးဌာန)-(ဒေါ်စန်းမြင့်) တို့၏ သမီးထွေး
မကြည်ကြည်မင်း B.Sc (Hons),
M.Sc (Physics) Dip in Global English
လ/ထ မော်ကွန်းထိန်း၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန

တို့၏ ၂၀-၁-၂၀၀၈ ရက်တွင် ရွှေသံလွင်ကွန်ဒိုနေအိမ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းတရားရုံး ဦးစီးအရာရှိ ဒေါ်တင်ကြူကြူဝင်းအား လည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးသော ဦးစိုးလွင်(စာရင်းကိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့်ဇနီး ပါမောက္ခ Dr. ဒေါ်မြသူ၊ ဦးရဲဝင်း (ဒု-အင်ဂျင်နီယာချုပ်၊ သယ်ပို့စက်ပြင်၊ စွမ်းအင်ဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်မော်မော်ဦးတို့အား လည်းကောင်း၊ ၂၇-၁-၂၀၀၈ ရက် Summit Park View Hotel မင်္ဂလာခန်းမ၌ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးအောင်မြင့်(အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့)(ဒု-ဥက္ကဋ္ဌ၊ e-national task force)နှင့် ဇနီး ဒေါ်အေးမိစံ၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ပြည်သူ့ကျန်းမာရေး တက္ကသိုလ်ရန်ကုန်၊ ခေတ္တပါမောက္ခချုပ် Dr. ဦးတင်မင်းနှင့်ဇနီး ဓာတ်မှန်အထူးကု ဆရာဝန်ကြီး Dr. ဒေါ်သန်းအေးအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် စိုင်းဘုန်းထူး၊ မိတ်ကပ်ဆံပင်နှင့် မင်္ဂလာဝတ်စုံဆင်မြန်းပေးသော မခင်စန်းဝင်း၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော ဟေမာနေဝင်း၊ တေးသံသာများဖြင့် တီးခတ်ပေးသော The Aces တေးဂီတအဖွဲ့၊ မေတ္တာဖြင့် မင်္ဂလပန်းကြဲပေးသော ညီမလေး Dr. လဲ့ဝတ်ရည်မှူး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မအေးမြငြိမ်း၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော မောင်နိုင်ဇင်သက်ကျော်နှင့် မမေဇင်သက်ကျော်အားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပါသော ပါမောက္ခချုပ်များနှင့် ပါမောက္ခဌာနမှူးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

မောင်ထွန်းထွန်းဦး-မကြည်ကြည်မင်း။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဝမ်းတွင်းမြို့နယ်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်- ၆၃

ဘဏ်ခွဲမန်နေဂျာ	**နှင့်**	၁။ ဦးအေးမောင်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်ယု
ဝမ်းတွင်းမြို့။		
တရားနိုင်		**တရားရှုံး**

၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် ၅၄ တွင် ရရှိသော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် မတ် ၁၈ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ် (၂)ရပ်ကွက် ကွင်းအမှတ် (မြို့ကွက်အမှတ်-ဂျီ) ဦးပိုင်အမှတ် (ဂျီ-၆၅) မြေကွက်အမှတ် (၆၅) ဧရိယာ (၀ ဒသမ ၀၉)ကေရှိမြေနှင့် ယင်းမြေပေါ်ရှိ (၃၇ x ၂၄ x ၁၄)ပေသွပ်မိုး၊ နံကပ်အာရ်စီတစ်ထပ်တိုက်၊ (၂၂ x ၁၃ x ၁၀)ပေသွပ်မိုး၊ ဝါးကာ တွင်ခုံအလုပ်ရုံ၊ စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်အေးအေးထွန်း (တ/၂၀၅၇)
တွဲဖက်မြို့နယ်တရားသူကြီး
ဝမ်းတွင်းမြို့နယ်တရားရုံး။

K.I.S ကားငှားလုပ်ငန်း
ကားမျိုးစုံငှားရန်ရှိသည်။
PAJERO, Double. Cab
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
Ph:- 293294, 4412181,
09-500 2440,09-5134778

NISSAN CEDRIC
(TAXI) CNG
နေ့ယာဉ်မောင်းအလိုရှိသည်။
ဖုန်း - ၅၄၆၇၇၄၊ ၅၄၆၁၅၈

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ပဲခူးတိုင်းတရားသူကြီးရုံး နယ်တရားမရုံး၌။
၂၀၀၈ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၈ (ညောင်လေးပင်)

၁။ ဦးထိန်လင်း	**နှင့်**	၁။ ဦးဇော်လေးနိုင်
		၂။ ဒေါ်လှလှဌေး
တရားလို		**တရားခံ**

ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၁)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းရပ်နေ (၁)ဦးဇော်လေးနိုင်၊ (၂)ဒေါ်လှလှဌေး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးထိန်လင်းက နေအိမ်နှင့်မြေအား လက်ရောက်ပေးအပ်စေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်(၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၈ ရက်)မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်အောင်
ပဲခူးတိုင်းတရားသူကြီး
ပဲခူးမြို့။

ပြည်သူ့စီးပွား ခရီးသွားဖြင့်
ဝိုင်းဝန်းမြှင့်တင်ကြပါစို့

ဇန်နဝါရီ ၂၆ရက်က မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၆-၂၀၀၇နှစ်ပတ်လည် အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ မာန်အောင်မြို့နယ်အခြေခံပညာ အထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဟိန်းမင်းထက်အား အသင်းဒုတိယဥက္ကဋ္ဌ ဦးစိုးတင့်က ဆုချီးမြှင့်စဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက်

အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဗဟန်းမြို့နယ်အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်းစုပေါင်းဆောင်ရွက်ဆောက်လုပ်နေပြီဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် ဒေါ်ခင်ဝင်း ဗိုလ်တထောင်က ငွေကျပ်တစ်သိန်း၊ ဒေါ်ထွေးထွေး မိသားစု မိုးကုတ်မြို့က ငွေကျပ်တစ်သိန်း၊ဒေါ်ခင်မြင့်၊ဒေါ်စန်းမြင့် တာမွေက ငွေကျပ်နှစ်သိန်း၊ ဦးတိုးဝင်း-ဒေါ်ကြူကြူထွေး(နေလရောင်ပုံနှိပ်တိုက်)ကငွေကျပ်နှစ်သိန်း၊ ဦးကျော်စိန်-ဒေါ်သန်းနွဲ့ လမ်းမတော်မြို့နယ်က ငွေကျပ်တစ်သိန်း၊မဇ္ဈိမသဝနဆောင်ပြင်ပယောဂီများက ငွေကျပ်တစ်သိန်း၊ဦးကျော်ဌေး-ဒေါ်ဝမ်းရီ လှိုင်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဒေါ်တင်မြမိသားစု လမ်းမတော်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဒေါ်သစ်သစ်တင့် ကန်တော်ကလေးက ငွေကျပ် နှစ်သိန်း၊ ဗိုလ်မှူးမြင့်မောင်(ငြိမ်း)ဒေါ်နန်းလှသွယ် ပုဇွန်တောင်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဒေါ်သောင်းကျင် မိသားစု ကမာရွတ်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးစစ်ခိုင်-ဒေါ်ကြည်ဝင်းမိသားစု ကမာရွတ်မြို့နယ်က ငွေကျပ် တစ်သိန်း၊ဦးတင်လတ်-ဒေါ်တင်စိန် ကြည့်မြင်တိုင်မြို့နယ်က ငွေကျပ်တစ်သိန်း လှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က-ပ)

ရန်ကင်းပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်း အာယုဒါနအတွက် ငွေကျပ်နှစ်သိန်းကို ဒဂုံမြို့နယ် ဘုရားကြီးရပ် မင်းကျောင်းလမ်းနေ (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ) ဒူးရင်းသီး ဦးစိုးမြင့်-ဒေါ်ခင်မာရီ မိသားစုက ဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ခေမာသီရိလင်္ကာရထံ လှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာ လက်ခံယူစဉ်။ (၁၁၇)

ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေးဆင့်ပွားသင်တန်းဖွင့်

နေပြည်တော်ပျဉ်းမနား ဖေဖော်ဝါရီ ၃

နေပြည်တော်ပျဉ်းမနား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက်၉နာရီက ခရိုင်မွေးမြူထုတ်လုပ်ရေးနှင့်ကုသရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူးဒေါက်တာစက်ရှင်၊ခရိုင်အတွင်းရေးမှူး ဦးအောင်သိန်းနှင့် ဌာနဆိုင်ရာများ၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးအရာရှိ ဒေါက်တာခင်ဇော်၊ မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းစိုး၊ ဝန်ထမ်းများ၊ သင်တန်းနည်းပြ ဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် ခရိုင်အတွင်းရေးမှူးနှင့် တိုင်းဦးစီးမှူးတို့ကအဖွင့်အမှာစကားပြောကြားကြပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးအရာရှိဒေါက်တာခင်ဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားသည်။ **(၀၉၃)**

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မြိုင်လမ်း လမ်းလယ်ကျွန်းများတွင် ပန်းအလှပင်များ အစားထိုး စိုက်ပျိုးနေမှုကို အမှုဆောင် အရာရှိ ဦးသက်ပိုင်ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ ကျိုက်သုတ်ဆံတော်ရှင် စေတီတော်လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်အတွက် ဒီဇင်ဘာ ၃၀ရက်က အလှူရှင် မော်လမြိုင်မြို့ တိုးချဲ့ကမ်းနားလမ်းအိမ်အမှတ်(၆)နေ ဒေါ်သိန်းသိန်း၊ ဒေါက်တာ မြဝင်းကြည် မိသားစုက ကိုးလက်မ ပတ်လည် တစ်ကျပ်သား ရွှေစင် ရွှေပြားတစ်ချပ် တန်ဖိုးငွေကျပ်၄၃၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းတို့ လက်ခံယူစဉ်။ (၁၆၈)

ကျောင်းကုန်း၌ အခမဲ့ဆေးဝါးကုသခြင်းနှင့် ပညာပေးဆွေးနွေး

ကျောင်းကုန်း ဇန်နဝါရီ ၂၉

ကျောင်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဦးဆောင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သောနယ်လှည့်အခမဲ့ဆေးဝါးကုသခြင်းနှင့် ပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီ၁၆ရက် နံနက်၁၀နာရီက အစုကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ကုသပေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ တင်ဝင်းအောင်တို့က အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဆွေဇင်ဝင်း၊ အလုပ်အမှုဆောင် ဒေါ်လှလှဆန်း၊ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာ ထက်ထက်ကျော်၊ မြို့နယ်ပြည်သူ့ဆေးရုံ သူနာပြုဆရာမကြီး ဒေါ်နန်းမေရှင်တို့က ပညာပေး ဟောပြော ဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်ဆရာဝန် ဒေါက်တာတင်ဝင်းအောင်နှင့်အဖွဲ့က အစုကြီးကျေးရွာခွဲ ကိုးရွာမှ လူနာ ၁၆၀ ကျော်တို့အား အခမဲ့ ဆေးဝါးများကုသပေးကြသည်။ **(၂၆၅)**

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီစည်းဝေး

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းအောင်က အသင်း၏ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၄* *

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ နေ့စဉ်ဖော်ပြမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိကောင်းစရာများကို ဖေဖော်ဝါရီ ၅ ရက်မှစ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် နေ့စဉ်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိကောင်းစရာများ နေ့စဉ်ဖော်ပြမည့်အစီအစဉ်

စဉ်	ဘာသာရပ်	ဖော်ပြမည့်နေ့
၁။	မြန်မာစာဘာသာရပ်	၅-၂-၂၀၀၈
၂။	စိတ်ကြိုက်မြန်မာစာဘာသာရပ်	၆-၂-၂၀၀၈
၃။	အင်္ဂလိပ်စာဘာသာရပ်	၇-၂-၂၀၀၈
၄။	သင်္ချာဘာသာရပ်	၈-၂-၂၀၀၈
၅။	ဓာတုဗေဒဘာသာရပ်	၉-၂-၂၀၀၈
၆။	ရူပဗေဒဘာသာရပ်	၁၀-၂-၂၀၀၈
၇။	ဇီဝဗေဒဘာသာရပ်	၁၁-၂-၂၀၀၈
၈။	ပထဝီဝင်ဘာသာရပ်	၁၂-၂-၂၀၀၈
၉။	သမိုင်းဘာသာရပ်	၁၃-၂-၂၀၀၈
၁၀။	ဘောဂဗေဒဘာသာရပ်	၁၄-၂-၂၀၀၈

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေဿလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား